Agribiz News
www.agribiznews.com.mm
တောင်သူ စိုးပွား သတင်း
e-Paper-0015
၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်



# ပညာပေးရေးနှင့် သုတေသနလုပ်ငန်းများပံ့ပိုးမှုဆိုင်ရာ နို့စားနွားမွေးမြူရေးခြံတည်ထောင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော် နို့စားနွားမွေးမြူရေးခြံ သို့ သွားရောက်ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန နှင့် မြန်မာစီပီ မွေးမြူရေးလီမိတက်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပညာပေးရေးနှင့် သုတေသနလုပ်ငန်းများ ပံ့ပိုးမှုဆိုင်ရာ နို့စားနွားမွေးမြူရေးခြံ ထူထောင်ဆောင်ရွက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းများကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက နို့စားနွားမွေးမြူရေးခြံ၏ ဆောင်ရွက်ဆဲ လုပ်ငန်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများအား ဖိတ်ခေါ် ၍ training program များကို စတင် လုပ်ဆောင်ခဲ့မှု ၊ ပြင်ပမှ လေ့လာသူ တောင်သူများအား ဖိတ်ခေါ်၍ ၎င်းတို့၏ မွေးမြူရေးစနစ်များ ပိုမိုကောင်းမွန်လာစေရေး အကူအညီ ဆောင်ရွက်ပေးနေမှုနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မူလတန်းကျောင်းသားများအား နို့နှင့် နို့ထွက်ပစ္စည်း အာဟာရကျွေးမွေးခြင်းနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုဆိုင်ရာလေ့လာမှု မှတ်တမ်းများကို ရှင်းလင်းတင်ပြကြပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက် ရှင်းလင်း တင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့် ညီညွတ်သော မွေးမြူရေးထွက် စားသောက်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပ ပူးပေါင်းဆောင်ရွက်မှုများနှင့်သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများကိုအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနနှင့် ပုဂ္ဂလိကများ၏ သဘောတူညီချက်ပါအတိုင်း စနစ်တကျလိုက်နာဆောင်ရွက်ရေးနှင့် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာနှစ်အလိုက် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် နို့စားနွားမွေးမြူထားရှိမှု၊ နို့ညှစ်စက်၊ နို့သန့် နို့ပေါင်းစက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် Myanmar C.P Livestock Limited တို့အကြား ပညာပေးရေးနှင့် သုတေသနလုပ်ငန်းများ ပံ့ပိုးမှုဆိုင်ရာ နို့စားနွားမွေးမြူရေးခြံ ထူထောင်နိုင်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာအရ နို့စားနွားမွေးမြူရေးခြံအား မြန်မာနိုင်ငံ၏ စံပြမွေးမြူရေးခြံအဖြစ် တည်ထောင်ရန်၊ နို့စားနွားမွေးမြူးရေးပညာပေးအနေဖြင့် ဦးစီးဌာနမှ လေ့လာရေးလာရောက်သူများအား လေ့လာခွင့်နှင့် သုတေသနလုပ်ငန်းများ လုပ်ဆောင်ခွင့် ပြုရန်၊ ဦးစီးဌာန၏ အခြေခံကျောင်းများ၌ နို့တိုက်ကျွေးရေး အစီအစဉ်များတွင် နို့စားနွား မွေးမြူရေးခြံမှ ထွက်ရှိသည့် နို့များအား ကူညီပံ့ပိုးပေးရန် ရည်ရွယ်ချက်များဖြင့် စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း သတင်း ရရှိသည်။

MOALI

သံပခြုပ်၏ထူးခြားသောသဘာဝနှင့်....
စာ - ၈

ထူးချွန်ကျောင်းသားမွေးထုတ်ဖို့.......
စာ - ၁၆



# နွားမျိုးကောင်းမျိုးသန့်ပွားများရေး မေထုံမဲ့သားစပ်သင်တန်းဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၄

မွေးမြူရေးသုတေသနဦးစီးဌာနက ဖွင့်လှစ်သည့် "သုတေသနနည်းပညာဖွံ့ဖြိုးရေး သင်တန်း(နွားမေထုန်မဲ့သားစပ်နည်း)အမှတ်စဉ်(၁)" ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် တတိယပတ် က နေပြည်တော်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ သင်တန်းခန်းမ ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး ၊ မွေးမြူရေး သုတေသန ဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် တို့မှ ပါမောက္ခချုပ်များ၊ သင်တန်းတက်ရောက်ကြမည့် ဦးစီးဌာနများမှ အမှုထမ်း အရာထမ်းများ၊ Online ဖြင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာ၌ နိုင်ငံ၏ စားရေ ရိက္ခာဖူလုံရေးနှင့် လူမှုစီးပွားဘဝများ ပြောင်းလဲတိုးတက်ရေး အတွက် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့စေရန် မိမိတို့ဝန်ကြီးဌာနက အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး မူဝါဒ အနာဂတ် လားရာ မျှော်မှန်းချက်ကို အခြေပြုကာ "မြန်မာ့ စိုက် ပျိုး မွေး မြူ ရေး က ဏ္ဍ ကို အား လုံး ပါ ဝ င် ပြီး နိုင် ငံ တ ကာ နှ င့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်ရေရှည်တည်တံ့သော လယ်ယာ ကုန်ထုတ်လုပ်မှုစနစ် ထွန်းကားလာစေခြင်းဖြင့် စားရေရိက္ခာဖူလုံ၍ အာဟာရ ပြည့်ဝစေပြီး တောင်သူများ နှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုစေရန်" အတွက် စိုက်ပျိုးရေး မွေးမြူရေးကို ဦးစားပေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်တွင်းမွေးမြူရေးကဏ္ဍ၏ ထုတ်လုပ်နိုင်မှု အနေဖြင့် ၂၀၂၃ ခုနှစ်မှာ အသား မက်ထရစ်တန်ပေါင်း ၁ ဒသမ ၁၅ သန်း ၊ ဥ အလုံးရေ သန်းပေါင်း ၃,၈၇၀ ထုတ်လုပ်နိုင်ခဲ့သည်ကို စာရင်းဇယားများ အရ တွေ့ရှိရမှာ ဖြစ်ကြောင်း၊ စိုက်ပျိုး မွေးမြူရေး ဆိုင်ရာ သုတေသန လုပ်ငန်းများကို ခေတ်မီနည်းပညာများ အသုံးပြုပြီး ဆန်းသစ်တီထွင် မှုများ ပြုလုပ်ခြင်းအားဖြင့် နည်းပညာသ စ် များ န ှ င့် မျိုး ကော င်း မျိုး သ န့် အသစ်များ ရှာဖွေဖော်ထုတ်ကြရမည် ဖြစ်ကြောင်း၊ "သုတေသန နည်းပညာ ဖွံ့ဖြိုးရေး သင်တန်း (နွားမေထုန်မဲ့ သားစပ်နည်း) အမှတ်စဉ်(၁)" ကို တက်ရောက် လာကြသည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းက ပို့ချဆွေးနွေးပေးမှုများကို ခံယူချက် ကောင်းကောင်းနှင့် ကျွမ်းကျင်တတ်မြောက်သည်အထိ လေ့လာသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ "သုတေသနနည်းပညာ ဖွံ့ဖြိုးရေးသင်တန်း ၊ နွားမေထုန်မဲ့ သားစပ်နည်း အမှတ်စဉ်(၁)" ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြသည်။ ဇူလိုင် ၂၂ ရက်နေ့မှ ၂၆ ရက်နေ့ အထိ ဖွင့်လှစ်မည့် အဆိုပါ သင်တန်းတွင် ဦးစီးဌာနများမှ အမှုထမ်း အရာထမ်းများ သင်တန်းသား ၂၁ ဦး တို့ တက်

စာ-၄ သို့

## ပထမသုံးလပတ်အတွင်း မြန်မာ့ဆန်တန်ချိန် ၉၁,၀၀၀ တရုတ်နိုင်ငံသို့တင်ပို့

လက်ရှိဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၄-၂၀၂၅ ခုနှစ်၊ ပထမသုံးလပတ် (ဧပြီ-ဇွန်)တွင် ဆန် တန်ချိန် ၉၁,၅၀၀ ကျော်တင်သွင်းသည့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံး ဆန်တင်သွင်းသည့် နိုင်ငံဖြစ်ပြီး၊ အင်ဒိုနီးရှားနိုင်ငံက တန်ချိန် ၈၄,၃၀၀ ကျော် တင်သွင်းကြောင်းနှင့် ဘယ်လ်ဂျီယံနိုင်ငံက တန်ချိန် ၅၃,၂၀၀ ကျော် တင်သွင်းကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စာရင်း ဇယားများအရ သိရှိရသည်။

ထို့အပြင် စပိန်နိုင်ငံသို့ တန်ချိန် ၂၃,၅၀၀ ကျော်နှင့် အီတလီနိုင်ငံသို့ တန်ချိန် ၁၀,၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ယခုဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်တွင် ပြည်ပဈေးကွက်သို့ ဆန်တန်ချိန် ၃၄၅,၄၆၇ ကျော် တင်ပို့ခဲ့ပြီး ပြည်ပဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၇၅ သန်း ရရှိခဲ့ကြောင်း၊ အဖွဲ့ချုပ်သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း (ဧပြီမှ မတ်လ) ဆန် တန်ချိန် ၂ ဒသမ ၅ သန်းကျော် တင်ပို့နိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရှိရသည်။

လစဉ် ပို့ကုန်လျာထားချက်များ ပြည့်မီပြီး ပို့ကုန်များ အဆင်ပြေချောမွေ့စေရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်း ကုန်သည်များအသင်း၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း၊ မြန်မာ နိုင်ငံရေထွက်ကုန်ထုတ်ကုန်လုပ်ငန်းရှင်များနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့နှင့်အတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

အဖွဲ့ချုပ်သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့နိုင်ပြီး ပြည်ပ ဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ တစ်



ဘီလီယံ ရရှိမည်ဟုမျှော်မှန်းထားသော်လည်း ဆန်တင်ပို့ မှုသည် လျာထားချက် ပြည့်မီခြင်းမရှိဘဲ တန်ချိန် ၁ ဒသမ ၆ သန်းသာရှိခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၈၄၅ သန်းသာ ရရှိခဲ့သည်။ မြန်မာနိုင်ငံသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆန်နှင့် ဆန်ကွဲတန်ချိန် ၂,၂၆၁,၂၀၃ တန် တင်ပို့နိုင်ခဲ့ပြီး ခန့်မှန်းတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈၅၃ ဒသမ ၄၇၂ သန်း ရှိကြောင်း သိရှိရသည်။

**နှင်းရီဝင်း**

https://www.gnlm.com.mm/china-leads-myanmars-rice-imports-with-91000-tonnes-in-q1/

# ဩဂုတ်လ လပတ် မိုးလေဝသအခြေအနေ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည် နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန် ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၃ ရက်မှ ၂၉ ရက်ခန့်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့်ပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၂ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၇စ်ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## မြစ်ရေအခြေအနေ

၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ် ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင်တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့ တွင်တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့်ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိ နိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm သတင်း

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဦးအောင်ဇံထွေး(မြဲ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

# ပထမသုံးလပတ်တွင် မြန်မာ့ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၃ သန်းကျော်ရရှိ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မှတ်ပုံတင်ထားပြီးဖြစ်သော မြန်မာ့ရေလုပ်ငန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁၁၁ ဒသမ ၉၈၄ သန်းတန်ဖိုး တင်ပို့နိုင်ခဲ့ရာမှ လက်ရှိဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်နေ့မှ စတင်၍ အမေရိကန်ဒေါ်လာ ၁၄၃ ဒသမ ၂၄၄ သန်းတန်ဖိုး တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စာရင်းဇယားများအရ သိရှိရပါသည်။

ကိန်းဂဏန်းများအရ လွန်ခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါကအမေရိကန်ဒေါ်လာ ၃၁ ဒသမ ၂၆ သန်း တိုးလာကြောင်း သိရှိရသည်။

မြန်မာနိုင်ငံသည် ရေကြောင်းကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှ ရေထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့လျက်ရှိပါသည်။

မြန်မာ့ရေထွက်ကုန်များကို ဂျပန်၊ ဥရောပနိုင်ငံများ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းမှ တင်ပို့ပြီး ငါး၊ ပုစွန်ကြား၊ ဂျော့ပုစွန်နှင့် အခြား ပင်လယ်စာများကို အိမ်နီးချင်း နိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးစခန်းများ (မူဆယ်၊ မြဝတီ၊ ကော့သောင်း၊ စစ်တွေ၊ မြိတ်နှင့် မောင်တော)မှ တင်ပို့လျက်ရှိသည်။



ငါးသလောက်၊ ငါးမြစ်ခြင်း၊ ငါးခူနှင့် ပင်လယ်စာများ အပါအဝင် ငါးမျိုးစိတ် ၂၀ ကျော်ကို ပြည်ပ ဈေးကွက်သို့ တင်ပို့နေကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။ မြန်မာနိုင်ငံသည် ရေထွက်ကုန်ပစ္စည်းများကို နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့နေပြီး အဓိကအားဖြင့် ထိုင်းနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြောင်းသိရှိရသည်။

**အေးအေးခိုင်**

https://www.gnlm.com.mm/myanmars-fishery-exports-exceed-us143m-in-q1-2024-2025fy/#article-title



# သက်လျှင်အထွက်ကောင်း စပါးမျိုးများရွေးချယ် ဇေယျာသီရိမြို့နယ်တောင်သူများ ပူးပေါင်းပါဝင်

နေပြည်တော်၊ ဇူလိုင် ၂၆

**စိုက်ပျိုးရေး**၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာန နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ မျိုးမွေးမြူရေး ပညာရှင်များသည် ဇူလိုင်လ ၂၆ ရက်နေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာန နှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ထားသည့် တောင်သူများ ကိုယ်တိုင်ပါဝင်သော စပါးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသန စမ်းသပ်ကွက်တွင် အထွက်ကောင်း သက်လျှင်စပါးမျိုး သားဆက်လိုင်းများ ရွေးချယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် ချမှတ်ထားသောမူဝါဒကို အကောင် အထည်ဖော်ကြရမည့် အပြင် နည်းပညာ ဝန်ဆောင်မှုပေးကြမည့် သက်ဆိုင်ရာဌာနတာဝန် ရှိသူများ ၊ တောင်သူများ အားလုံး တစ်လမ်းတည်းသွားပြီး တစ်စိတ်တစ်ဝမ်းတည်း ဆောင်ရွက်ကြမှသာ မိမိတို့ရည်မှန်းချက် ပြည့်ဝအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသတာဝန်ရှိသူများ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသီများပူးပေါင်းပါဝင်သည့် တောင်သူ လယ်သမားများနှင့် ဆက်ဆံရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ၊

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး အတွက် အဓိကမောင်းနှင်အားဖြစ်သော တောင်သူများကိုယ်တိုင် မိမိတို့စိုက်ပျိုးမည့်သီးနှံမျိုးကို ကိုယ်တိုင်ရွေးချယ်အသုံးပြုသည့် အလေ့အကျင့်ရှိရန်လိုကြောင်း၊ ထိုသို့အလေ့အကျင့်ရှိရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့ပူးပေါင်း၍ လေ့ကျင့်ပညာပေးခြင်း တောင်သူများထံမှ အတွေ့အကြုံနှင့် အကြံဉာဏ်ကို ရယူဆောင်ရွက်လျက်ရှိကြောင်း၊ သီးနှံအရည်အသွေး အထွက်နှုန်းနှင့် ပိုးမွှားရောဂါဒဏ် ခံနိုင်ရည်ရှိမှု မျိုးဗီဇအရည်အချင်းကို ကိုယ်တိုင် မျက်မြင်အကဲဖြတ်ရွေးချယ်ကြရန် လိုအပ်ကြောင်း၊ မိဘမျိုးနှစ်မျိုးနှင့်အထက် မျိုးစပ်၍ ရရှိလာသောသားဆက်လိုင်းမှဆင်းသက်လာသည့် မတူညီသော ဗီဇကွဲများကို ရွေးထုတ်ပြီး အကောင်းဆုံး စပါးသားဆက်လိုင်းများအား မွေးမြူရွေးချယ်ခြင်းဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေတွင် ၆ မြို့နယ်၌ ဆောင်ရွက်လျက်ရှိပြီးရရှိသည့် သားဆက်များကို အခြားသော တိုင်းဒေသကြီး ပြည်နယ်များတွင်လည်း တိုးချဲ့ဆောင်ရွက် သွားရမည်ဖြစ်၍ တောင်သူများပူးပေါင်းပါဝင်ကြစေရေးအတွက် စည်းရုံးလှုံ့ဆော် သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး နှင့် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့မှ ပညာရှင်များ၊ ဇေယျာသီရိမြို့နယ်မှ တောင်သူများသည် စပါးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသန စမ်းသပ်ကွက်တွင် စိုက်ပျိုးထားသည့် သက်လျှင်အထွက်ကောင်း စပါးမျိုးများအား ကွင်းဆင်း ရွေးချယ် ခဲ့ကြကြောင်းသတင်းရရှိသည်။

MOALI

စာ- ၂မှ

ရောက် လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မျိုးစေ့ဘဏ်၊ ဇီဝနည်းပညာနှင့်သီးနှံကာကွယ်ရေး သုတေသနဌာနခွဲ၊ အပင်မျိုးရိုးဗီဇနှင့် မော်လီကျူလာ နည်းပညာဖြင့် မျိုးမွေးမြူရေးသုတေသနဌာနစုရှိ မော်လီကျူလာ ဓါတ်ခွဲခန်း၊ သဘာဝ အရင်းအမြစ်များ သုတေသနဌာနခွဲ ရေအသုံးချရေး သုတေသနဌာနစု ဓာတ်ခွဲခန်းများ၊ မွေးမြူရေးသုတေသနဦးစီးဌာန ၏ ဒေသနွားမွေးမြူရေးခြံကိုလည်းကောင်း၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ်ခန်းမ ဆောက်လုပ်ပြီးစီးမှု၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် အိပ်ဆောင်များ နှင့် ထမင်းစားဆောင်တို့ကို ကြည့်ရှုစစ်ဆေး သည်။

၎င်းနောက် ဒုတိယဝန်ကြီး သည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃)ဖြင့် နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် တို့တွင် ဆောင်ရွက်သည့်" စပါးသီးနှံ ရိတ်သိမ်းအပြီး ပဲပုပ်သီးထပ် စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအား မြှင့်တင်ခြင်း" စီမံကိန်းအတွက် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ ယာသီးနှံသုတေသနဌာနခွဲ၊ ပဲမျိုးစုံသီးနှံသုတေသနဌာနစုတွင် စိုက်ပျိုးထားရှိ သော ပဲပုပ်မျိုး ရေဆင်း-၁၅ ဆင့်ပွားမျိုးစေ့ မျိုးသန့်ပွားများနေမှုကို ကြည့်ရှုစစ်ဆေး ခဲ့ကြောင်းသတင်းရရှိသည်။

MOALI

AgribizNews ဝက်ဘ်ဆိုက်နှင့် e-Paper တို့တွင်

ကြော်ငြာများထည့်သွင်းနိုင်ပါပြီ

ဆက်သွယ်ရန်- ၀၆၇-၃၄၁၀၆၁၆ (e-government ဌာနခွဲ)



# ရေဘေးကာကွယ်ရေး တာတမံများကြံ့ခိုင်မှုနှင့် ရေဘေးကြိုတင်ကာကွယ်ရေး အထူးကြပ်မတ်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဗိုလ်ဗိုလ်ကျော်သည် ဇူလိုင်လ တတိယပတ်အတွင်း ရန်ကုန်၊ ပဲခူး နှင့် ဧရာဝတီတိုင်းဒေသကြီးများရှိ ရေဘေးကာကွယ်ရေး တာတမံများကြံ့ခိုင်မှုနှင့် ရေဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ ရေလှောင်တမံများ၏ ရေဘေးကာကွယ်ရေးဆိုင်ရာ အစီအမံများ အထူးစစ်ဆေး ကြပ်မတ်ခြင်းကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရေဘေးကာကွယ်ရေးတာများ၏ ကြံ့ခိုင်မှုနှင့် ရေဘေးကာကွယ်ရေး လုပ်ငန်းများ အား ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ရေကင်းလှည့် ဇယားများဖြင့် နေ့ညမပျက် သက်မှတ်ထားသည့်လုပ်ငန်းစဉ်များအတိုင်းတာတမံကြံ့ခိုင်မှုအခြေအနေကို လှည့်လည် ကြည့်ရှုစောင်ကြည့် စစ်ဆေးရန်လိုအပ်ချက်များ၊ ရေခွဲပြုလုပ်ရာတွင် လိုအပ်သည့် အမြင့်ရရှိအောင် စနစ်တကျဆောင်ရွက်ရန်၊ ရေဘေးကာကွယ်ရေးတာများတွင် တာတမံ ထိခိုက်စေနိုင်သည့် အချက်များ စစ်ဆေးတွေ့ရှိပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာ တာဝန် ရှိသူများအား သတင်းပို့၍ ကြိုတင်ကာကွယ်မှုများ ပေါင်းစပ်ညှိနှိုင်းဝိုင်းဝန်း ဆောင်ရွက်ထားရှိကြရန်၊ သဲအိတ်၊မိုးကာ၊ဝါးမျောနှင့်ကျောက် စသည့် အရေးပေါ်ပစ္စည်းများ စုဆောင်းထားရှိ၍ ရေလမ်း၊ကုန်းလမ်းမှ လိုအပ်သည့်နေရာများသို့ အလျင်အမြန်သယ်ယူပို့ဆောင်နိုင်ရေးနှင့် တာတမံဝန်ထမ်းများ၊ တာလုပ်သားများ၊ ရပ်ကွက်ကျေးရွာများမှ တာဝန်ကျ တာလုပ်သားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ကျန်းမာရေး အထူးဂရုပြုကြရန် မြစ်ကမ်းပါးပြိုကျမှု ကာကွယ်ရေးနှင့်ပတ်သက်ပြီး ဝါးရေလွှဲကထစ် တန်းရိုက်ခြင်း ၊ Geo bag ချခြင်း ၊ တာထောက်ခြင်း လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာန အချင်းချင်းညှိနှိုင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

အလားတူ တိုင်းဒေသကြီး ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လက်ရှိစိုက်ပျိုးထားရှိသော သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်၍ သီးနှံထိခိုက်ပျက်စီးမှုများဖြစ်ပေါ်လာပါက အမြန်ဆုံး ပြန်လည်စိုက်ပျိုးနိုင်ရေး အတွက် သက်တမ်းတို အရန်မျိုးစပါးများ အသင့်စုဆောင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ပိုးမွှားရောဂါကျ ကြိုတင်ကာကွယ်ရေး နည်းလမ်းများဖြန့်ဝေပေးခြင်း၊ အပင်ရောဂါကာကွယ် ကုသဆေးများ ၊ တိရိစ္ဆာန်များ အသက်ဘေးအန္တရာယ် ကာကွယ်နိုင်ရေး တိရစ္ဆာန်အသက်ကယ်ကုန်းများ ပြင်ဆင်ထားရှိခြင်း၊ ရေလွတ်ရာ နေရာများသို့ အချိန်မီ ပြောင်းရွှေ့ခြင်း၊ တိရစ္ဆာန်များနာမကျန်းဖြစ်ပွားပါက ကုသရန်လိုအပ်မည့် ဆေးဝါးများ၊ ကာကွယ်ဆေးများ၊ တိရစ္ဆာန်ဖြည့်စွက်အစာများ ကြိုတင်စုဆောင်းထားရန် လိုအပ်ချက်များ၊ မြို့နယ်နှင့်ခရိုင်အလိုက် တာဝန်ရှိသူများမှ ကွင်းဆင်းကြည့်ရှုစစ်ဆေး ပြီး ပညာပေးလုပ်ငန်းများကို လိုအပ်သလို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

MOALI





## ရုရှားမှ တရုတ်သို့ ငါးနှင့် ရေထွက်ကုန် တင်ပို့မှု အမြင့်ဆုံးသို့ ရောက်ရှိ

၂၀၂၃ နှစ်ကုန်တွင် ရုရှားမှ တရုတ်နိုင်ငံသို့ ငါးနှင့် ရေထွက်ကုန်များ တင်ပို့မှုသည် သမိုင်း ဝင်အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီး တန်ချိန် ၁ ဒသမ ၂၉ သန်းရှိကြောင်း ရုရှားငါးလုပ်ငန်းဆိုင်ရာ ဖက်ဒရယ် အေဂျင်စီ(Russia's Federal Agency for Fishery - Rosrybolovstvo)က ဖော်ပြခဲ့သည်။

ရုရှားမှ တရုတ်နိုင်ငံသို့ အဓိက တင်ပို့သည့် ငါးအမျိုးအစားများမှာ pollock (စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းခန့်), herring, sardines, fishmeal နှင့် ဂဏန်းများဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီမှ မေလအတွင်း ငါးထွက်ကုန် တန်ချိန် ၅၂၂,၆၄၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး ယင်းပမာဏမှာ ယခင်နှစ်ထက် သာလွန်ခဲ့ကြောင်း အဆိုပါအေဂျင်စီက ပြောကြားခဲ့သည်။

အေဂျင်စီမှ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံသို့ အရှေ့ဖျားကဏန်း တင်ပို့မှုပမာဏသည် တန်ချိန် ၁၂,၅၀၀ ကျော်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပို့ကုန်ပမာဏ ၁၀ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဖော်ပြ ထားသည်။

ခွန်မျိုးသူ

# အိန္ဒိယ-ရုရှားကုန်သွယ်မှု ၂၀၃၀ တွင် ဒေါ်လာ ၁၀၀ ဘီလီယံ ကျော်ထိတိုးမြှင့်ရေး သဘောတူညီချက်ထုတ်ပြန်



အိန္ဒိယနှင့်ရုရှားနိုင်ငံတို့သည် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုတွင် နှစ်နိုင်ငံငွေကြေးနှင့်ပေးချေမှု၊ စွမ်းအင်၊ စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံစသည့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှု တို့ကို ၂၀၃၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်အထိ တိုးမြှင့်သွားရန် သဘောတူညီခဲ့ကြကြောင်း၊ ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ်နာရင်ဒြာမိုဒီတို့က ရုရှားနိုင်ငံ၊ မော်စကိုမြို့၌ ကျင်းပသည့် ၂၂ ကြိမ်မြောက်နှစ်ပတ်လည်ထိပ်သီးအစည်းအဝေးတွင် ယင်းသဘောတူညီချက်ကိုထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး (Special and privileged strategic partnership) တစ်ရပ်ဖြစ်သည်ဟု ထပ်လောင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

အခမ်းအနားတွင် နှစ်နိုင်ငံအကြား အဓိကကဏ္ဍကြီး ၉ ခုတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြကြောင်း၊ ၎င်းတို့မှာ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုတွင် နှစ်နိုင်ငံငွေကြေးဖြင့်ပေးချေရေး၊ မြောက်-တောင် သယ်ယူပို့ဆောင်ရေးစင်္ကြံစသည့် လမ်းကြောင်းသစ်များဖြင့် ကုန် သွယ်မှုမြှင့်တင်ရေး၊ လယ်ယာထွက်ကုန်၊ စားသောက်ကုန်နှင့် မြေသြဇာကုန်သွယ်မှုမြှင့်တင်ရေး၊ နျူကလီးယားစွမ်းအင်အပါအဝင်စွမ်းအင်ကဏ္ဍတွင် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်အကျိုးပြုမှုများအား ကောင်းစေရေး၊ ဒစ်ဂျစ်တယ် စီးပွားရေးကဏ္ဍတွင် ပူးတွဲစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေး၊ ဆေးဘက်ဆိုင်ရာပူး ပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး တို့ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင်နှစ်နိုင်ငံခေါင်းဆောင်များအကြား ယူရေးရှားစီးပွားရေးသမဂ္ဂနှင့်အိန္ဒိယနိုင်ငံအကြား လွတ်လပ်သောစီးပွားရေးဒေသ(EAEU-India Free Trade Area) ထူထောင်နိုင်ခြေအပါအဝင်နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍတွင် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရန်နှင့် နှစ်နိုင်ငံကုန် သွယ်မှုနှင့်ဆက်စပ်သောအကောက်ခွန်မဟုတ်သောကုန်သွယ်မှုဆိုင်ရာ အတားအဆီးများအား ဖယ်ရှားရေးတို့ကို သဘောတူညီခဲ့ကြကြောင်း သိရှိရသည်။

ထိပ်သီးဆွေးနွေးပွဲအပြီး ပူးတွဲထုတ်ပြန်ချက်တွင် နှစ်နိုင်ငံခေါင်းဆောင်များသည်အကောက်ခွန် နှင့် မသက်ဆိုင်သောကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကိုဖယ်ရှားရန်နှင့် EAEU-India Free Trade Area ထူထောင်နိုင်ခြေအပါအဝင် ကုန်သွယ်မှုဖြေလျှော့မှုဆိုင်ရာ ကိစ္စရပ်များကို ဆက်လက် ဆွေးနွေးသွားရန် ၎င်းတို့၏ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ပြီး အထူးရင်းနှီးမြှုပ်နှံမှုစနစ်များ အားကောင်းလာစေရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုအား ဟန်ချက်ညီစေရန်အတွက် အိန္ဒိယမှ ကုန်ပစ္စည်းများတိုးမြှင့်တင်ပို့နိုင်ရေး အပါအဝင် ၂၀၃၀ ခုနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၀၀ ဘီလီယံကျော်ရရှိရန် ကတိပြုထားကြောင်းလည်း သိရှိရသည်။

၂၂ ကြိမ်မြောက် အိန္ဒိယနှင့်ရုရှား နှစ်ပတ်လည်ထိပ်သီးဆွေးနွေးပွဲကို ဇူလိုင် ၈ ရက်မှ ၉ ရက် အထိ ရုရှားနိုင်ငံမော်စကိုမြို့၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အိန္ဒိယဝန်ကြီး ချုပ်နာရင်ဒြာမိုဒီတို့က လက်ရှိနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ၎င်းတို့၏ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း၊ နှစ်နိုင်ငံလုံး၏ ရေရှည်အကျိုးရှိသော အချက်များအပေါ်အခြေခံ၍ အပြန်အလှန်လေးစားမှု၊တန်းတူညီမျှမှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အလေးထားဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**မျိုးမြင့်မောင်**

India and Russia set $100 billion trade goa. By 2030, cooperation in energy, agriculture, The Economic Times, 9th July, 2024.

# တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု ၂၀၂၄ ပထမနှစ်ဝက်တွင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ယခုနှစ် ပထမနှစ်ဝက်တွင် အမြင့်ဆုံးသို့ရောက်ရှိခဲ့ပြီး စီးပွားရေးပြန်ဦးမော့လာစေရန် အထောက်အပံ့ဖြစ်စေခဲ့ကြောင်း တရားဝင်အချက်အလက်များ၌ ဖော်ပြထားသည်ဟု သိရှိရသည်။

ဇန်နဝါရီလမှ ဇွန်လအထိ ကုန်စည်ကုန်သွယ်မှုပမာဏသည် ၆ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာကာ ပို့ကုန် ၆ ဒသမ ၉ ရာခိုင်နှုန်းနှင့် သွင်းကုန် ၅ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)၏ အချက်အလက်များအရ သိရှိရသည်။

ကိန်းဂဏန်းများအရ နိုင်ငံခြားကုန်သွယ်မှုတွင် အပြုသဘောဆောင်သောလမ်းကြောင်းသည် ပိုမိုခိုင်မာလာကြောင်း လေ့လာသူများက သုံးသပ်ကြပြီး ယခုနှစ် ဒုတိယသုံးလပတ်တွင် သွင်း ကုန်နှင့် ပို့ကုန်စုစုပေါင်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၄ ရာခိုင်နှုန်းတိုးလာပြီး ယခုနှစ် ပထမ သုံးလပတ်၏ တိုးတက်မှု ၄ ဒသမ ၉ ရာခိုင်နှုန်းနှင့် ယမန်နှစ် စတုတ္ထသုံးလပတ်၏ တိုးတက်မှု ၁ ဒသမ ၇ ရာ ခိုင်နှုန်းထက် ပိုမိုမြင့်တက်လာကြောင်းသိရသည်။

ကုန်သွယ်မှုသည် အရည်အသွေးနှင့် အရေအတွက် နှစ်မျိုးစလုံးတွင် ဆက်လက်တိုးတက်နေပြီး စီးပွားရေးတိုးတက်မှုကိုလည်း အထောက်အကူဖြစ်စေသည်ဟု GACC မှ ပြောကြားခဲ့ကြောင်း သိရှိရသည်။

အာဆီယံသည် တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်အဖြစ် ဆက်လက်ရပ်တည်နေပြီး နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ပထမနှစ်ဝက်တွင် ယွမ် ၃ ဒသမ ၃၆ ထရီလီယံရှိကာ လွန်ခဲ့သည့်နှစ်က ထက် ၁၀ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာကာ နိုင်ငံ၏ စုစုပေါင်းနိုင်ငံခြားကုန်သွယ်မှုပမာဏ၏ ၁၅ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း၊ ထို့နောက်တွင် ဥရောပသမဂ္ဂမှ ကုန်သွယ်မှုပမာဏ ယွမ်၂ ဒသမ ၇၂ ထရီလီယံ၊ အမေရိကန်က ယွမ် ၂ ဒသမ ၂၉ ထရီလီယံနှင့် ကိုရီးယားသမ္မတနိုင်ငံမှ ယွမ် ၁ ဒသမ ၁၃ ထရီလီယံ အသီးသီး ရှိကြောင်း သိရှိရသည်။

Belt and Road Initiative တွင် ပါဝင်သည့် နိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုသည် ပထမခြောက်လအတွင်း ၇ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပြီး ကုန်သွယ်မှုပမာဏသည် ယွမ် ၁၀ ဒသမ ၀၃ ထရီလီယံအထိ ရှိခဲ့ကြောင်း သိရသည်။

စက်ယန္တရားများနှင့် လျှပ်စစ်ပစ္စည်းများသည် တရုတ်နိုင်ငံ ပို့ကုန်စုစုပေါင်း၏ ၆၀ ရာခိုင် နှုန်းနီးပါးရှိကြောင်း၊ အထူးသဖြင့် ပထမနှစ်ဝက်တွင် အလိုအလျောက် ဒေတာစီမံ ဆောင်ရွက်ပေးသည့် စက်ကိရိယာများနှင့် အစိတ်အပိုင်းများ တင်ပို့မှုသည် တစ်နှစ်ထက်တစ်နှစ် ၁၀ ဒသမ ၃ ရာခိုင်နှုန်း တိုးလာကာ integrated circuits များသည် ၂၅ ဒသမ ၆ ရာခိုင်နှုန်းနှင့် မော်တော်ယာဉ်များသည် ၂၂ ဒသမ ၂ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည်လာမည့်လများအတွင်း အပြုသဘောဆောင် သော အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်လိမ့်မည်ဟု လေ့လာသူများက မျှော်လင့်လျက်ရှိသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဝယ်လိုအားကျဆင်းနိုင်သော်လည်း အာဆီယံ၊ လက်တင်အမေရိကနှင့်BRICS နိုင်ငံများ အပါအဝင် ထွန်းသစ်စနိုင်ငံများသည် အဆိုပါကွာဟချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း Citigroup China ၏စီးပွားရေးပညာရှင် အကြီးအကဲ Yu Xiangrong က ပြော ကြားခဲ့ပြီး တရုတ်နိုင်ငံ၏ ပို့ကုန်တိုးတက်မှုသည် တည်ငြိမ်နေမည်ဟု မျှော်လင့်ကြောင်း ပြောကြား ခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံ၏ နည်းပညာတိုး

စာ-၁၅ သို့

ကျောဖုံးမှ-

မှ အောင်မြင်သူ ၅ ဦးရှိပါတယ်။ အဲဒီအထဲမှာ ကိုယ်ပိုင်အထက်တန်းကျောင်း တက်ရောက်ပြီး အောင်မြင်သူ ၁၆၇ ဦး၊ အစိုးရအခြေခံပညာအထက်တန်းကျောင်းသာ တက်ရောက်ပြီးအောင်မြင်သူ ၄၀၆ ဦးနှင့် ပြင်ပမှ ဖြေဆိုအောင်မြင်သူတစ်ဦး ပါဝင်ပါတယ်။ ဒါ့အပြင် အစ်ကိုကြီး မမေးပေမယ့် ကျွန်တော်ထပ်ပြီး ပြောပြချင်တာက၊ အစိုးရကျောင်းက ဖြေဆိုအောင်မြင်သူ ၄၀၆ ဦး အနက်က ဘာသာရပ်တစ်ချို့ကို ကျူရှင်တက်ရောက် အောင်မြင်သူ ၃၃၄ ဦးနှင့် သီးခြားကျူရှင်တက်ရောက်ခြင်းမပြုဘဲ အောင်မြင်သူ ၄၉ ဦး၊ အနီးကပ်ဘော်ဒါ တက်ရောက်အောင်မြင်သူ ၂၃ ဦး ပါဝင်ခဲ့ပါတယ်။

"အဲဒီအထဲမှာ တစ်ဘာသာဂုဏ်ထူးရသူထဲမှာ ကျူရှင်တက်တဲ့လူ ၄၀ ဦး၊ ကျူရှင်မတက် တဲ့လူ ၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးရသူထဲမှာ ကျူရှင်တက်သူ ၁၆ ဦးနှင့် ကျူရှင်မတက်သူ ၂ ဦး၊ ၃ ဘာသာဂုဏ်ထူးရသူတွေထဲမှာ ကျူရှင်တက်သူ ၄ ဦး ပါဝင်ပြီး၊ ၄ ဘာသာဂုဏ်ထူးရသူတွေ ထဲမှာ ကျူရှင်တက်သူ ၁၅ ဦး၊ ၅ ဘာသာဂုဏ်ထူးရသူတွေထဲမှာ ကျူရှင်တက်သူ ၅ ဦးနှင့် ၆ ဘာသာဂုဏ်ထူးရသူတွေထဲမှာကျူရှင်တက်သူ ၇ ဦးပါဝင်တာကြောင့်၊ စုစုပေါင်း ကျူရှင်တက်သူ ၈၇ ဦးရှိပြီး ကျန်တဲ့သူတွေက၊ ကျူရှင်မတက်ဘဲ အောင်မြင်တာလို့ တွက်လို့ရပါတယ်။"

"အေး ထားပါတော့ ထားပါတော့။ မင်းတို့ဝန်ကြီးဌာနက မင်းတို့ဝန်ထမ်း သားသမီးတွေရဲ့ ပညာရေးကို အတော်လေး အလေးထားပြီး၊ ဂရုစိုက်တာကို ငါသတိပြုမိတယ်။ အဲဒါပေမဲ့ တစ်ခုတော့ မေးချင်သေးတယ်ကွာ။ မနှစ်က ပညာသင်နှစ်မှာရော မင်းတို့ဝန်ကြီးဌာနက ကျောင်းသား ဘယ်လောက်ဝင်ဖြေသလဲ။ အောင်ချက်ရာခိုင်နှုန်းရော ဘယ်လောက်ရှိသလဲ။ အခုနှစ်လိုရော ၆ ဘာသာဂုဏ်ထူးရတဲ့ သူတွေပါသေးလား။"

အစ်ကိုကြီးက ကျွန်တော်တို့ဝန်ကြီးဌာန၏ ပညာရေးနှင့်ပတ်သက်၍ ကျွန်တော်သတိပြုမိလေသလား သဘောဖြင့် မေးလာခြင်းပင် ဖြစ်သည်။ ကျွန်တော်ကလည်း အစ်ကိုကြီးမေးခွန်းကို ဖြေရန်အသင့်ပင်ဖြစ်သည်။

"ပြီးခဲ့တဲ့ အရင်နှစ် ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်မှာ ကျွန်တော်တို့ဝန်ကြီးဌာနက၊ အခြေခံပညာအထက်တန်းဖြေဆိုသူ ၉၁၄ ဦးရှိပြီး၊ အောင်မြင်သူ ၄၅၂ ဦးရှိတာကြောင့် ၄၉ ရာခိုင်နှုန်းအောင်မြင်တာ ဖြစ်ပါတယ်။ ဒီနှစ်အောင်ချက်က ၇၂ ရာခိုင်နှုန်းဖြစ်တာကြောင့်၊ မနှစ်ကထက် အောင်ချက် (၂၃)ရာခိုင်နှုန်း ပိုတာကိုတွေ့ရပါတယ်။ဒါ့အပြင် မနှစ်က အောင်မြင်သူများထဲမှာ ၆ ဘာသာဂုဏ်ထူးရ ၁၃ ဦးပါဝင်ပြီး၊ တစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲမှာ ပထမရရှိသူ တစ်ဦးနှင့် ဒုတိယရရှိသူ ၂ ဦး ပါဝင်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ မြန်မာတစ်နိုင်ငံလုံးတွင် စတုတ္ထအဆင့်ရရှိသူ တစ်ဦးသာပါရှိသော်လည်း၊ ၆ ဘာသာဂုဏ်ထူးရ အရေအတွက် ၁၀ ဦး တိုးလာတဲ့ အတွက် တိုးတက်မှုရှိတယ်လို့ သုံးသပ်ရပါတယ်။"

"အေး ကောင်းပါတယ်ကွာ၊ ဝမ်းသာပါတယ်။ မင်းတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဝန်ထမ်းတွေရဲ့သားသမီးတွေ ပညာရေးနှင့်ပတ်သက်ပြီး တိုးတက်မှုရှိတာ တို့နိုင်ငံတော်အတွက် အားရစရာပါ။ ဒါနဲ့ မင်းကို ငါစောစောက မေးခဲ့တဲ့ဆုရကျောင်းသူ ကျောင်းသားတွေရဲ့မိဘဝန်ထမ်းတွေကို ထောက်ပံ့ငွေပေးအပ်တယ်ဆိုတာ အားလုံးကိုပေးတာလား။ ဘယ်လိုလူတွေကို အဓိကထားပြီး ပေးတာလဲ။"

"ဒါကတော့ ရှင်းပါတယ် အစ်ကိုကြီးရယ်။ ကလေးတွေကို ကိုယ်ပိုင်အထက်တန်း ကျောင်းထားတယ်၊ ဘော်ဒါမှာထားတယ်ဆိုတာ တတ်နိုင်တဲ့မိဘတွေသာ ထားနိုင်ကြတာပါ။ ဝန်ထမ်းတွေထဲမှာလည်း ရာထူးကြီးလို့အဆင်ပြေတဲ့လူရှိသလို၊ ရာထူးငယ် ဝင်ငွေနည်းပေမယ့် ကိုယ့်သားသမီးကို ပညာတတ်စေချင်လို့ ခြိုးခြံချွေတာပြီး ပညာအမွေ ပေးတဲ့မိဘတွေလည်း ရှိတာပဲလေ။ အဲဒီတော့ကျွန်တော်တို့ ဝန်ကြီးဌာနမှာ အဓိကအားဖြင့် ကိုယ်ပိုင်ကျောင်း မတက်နိုင်ဘဲ အစိုးရအခြေခံပညာကျောင်းတက်ပြီး ဂုဏ်ထူးရတဲ့ ကျောင်းသူ၊ ကျောင်းသားတွေရဲ့ မိဘတွေကို ဂုဏ်ထူးတစ်ဘာသာကို ငွေကျပ် ၂၀၀၀၀ ကျပ်နှုန်းနှင့် ချီးမြှင့်ပေးတာပါ။ ချီးမြှင့်ပေးခံရတဲ့လူ ၉၈ ဦးရှိပါတယ်။ ဆုငွေလက်ခံရတဲ့ မိဘတွေလည်း အတော်လေးဝမ်းသာကြတာတွေ့လို့ အဲ့ဒီနေ့ကတော့ တကယ့်ကို ကြည်နူးဖွယ်ရာ မြင်ကွင်းတွေပါဘဲ"

"အေးကွာ။ မင်းဖြေတာတွေကြားရတော့ ငါအတော်လေးကျေနပ်တယ်။ ဝမ်းလည်း ဝမ်းသာတယ်။ စိတ်လည်းကြည်နူးမိတယ်။ အဲဒါပေမယ့် မင်းဖြေမယ့် အဖြေကိုငါသိထားပေမယ့် မင်းဖြေတာလေးကိုတော့ ကြားချင်သေးတယ်။ အဲဒါက မင်းတို့ဝန်ကြီးဌာနကဝန်ထမ်းတွေရဲ့ သားသမီးတွေ အခုလိုပညာရေးမှာ အောင်မြင်မှုရတာက ဘာကြောင့်လဲ။ ဘာကြောင့်လို့ မင်းယူဆသလဲ။"

အစ်ကိုကြီးကသူမေးချင်သည့် မေးခွန်းကို မေးလာသည်။ သည်အဖြေကိုလည်း ကျွန်တော် က ဖြေချင်နေပါသည်။ သို့ဖြစ်၍လည်း-

"အစ်ကိုကြီးရယ် ကျွန်တော် တို့ဝန်ကြီးဌာနက ဝန်ထမ်းတွေရဲ့သားသမီးတွေအခြေခံပညာအထက်တန်း စာမေးပွဲမှာ အောင်မြင်မှုကို ပြန်ပြီးသုံးသပ်ရင် ဂုဏ်ထူးရသူတွေထဲမှာကျူရှင်တက်သူလည်းပါသလို၊ ကျူရှင်မတက်သူတွေလည်း ပါတာတွေ့ရတယ်။ ကိုယ်ပိုင် ကျောင်းတွေတက်သလို အစိုးရအခြေခံပညာအထက်တန်းကျောင်းတွေမှာ တက်သူတွေလည်းပါဝင်တာတွေ့ရတယ်။ **အရေးကြီးတာက အခြေခံပညာအထက်တန်းကျောင်းတွေမှာ ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက်ရင် တစ်နေ့သင်တဲ့စာကို နေ့စဉ် မှန်မှန်လုပ်ရင်၊ အောင်မြင်မှုဆိုတာ မလွဲမသွေရတယ်** ဆိုတာ ကျောင်းသူကျောင်းသားတွေရော မိဘတွေပါ သဘောပေါက်ဖို့ လိုပါတယ်။ ဒီအတွက်ကြောင့် မိဘတွေကလည်း သားသမီးတွေကို အခြေခံပညာအထက်တန်း ကျောင်းတွေမှာ ယုံယုံကြည်ကြည်အပ်နှံပြီး ကျောင်းမှန်မှန်တက်စေသင့်တယ်။ ဆုရတဲ့ ကျောင်းသူကျောင်းသားတွေထဲမှာ ကျူရှင်မယူဘဲ ဂုဏ်ထူးနှင့် အောင်မြင်သူတွေပါဝင်တာကိုလည်း တွေ့နေရပါတယ်။ ဒီနေရာမှာ ဂုဏ်ထူးရတာချင်းအတူတူ အခြေခံပညာအထက်တန်းကျောင်းမှာတက်ပြီး ဂုဏ်ထူးရခဲ့ကြတဲ့ ကျောင်းသူကျောင်း သားများက ပိုပြီးဂုဏ်ယူထိုက်ပါတယ်။"

"ဒါ့အပြင် ဌာနဆိုင်ရာတာဝန်တွေနဲ့ မအားမလပ်တဲ့ကြားက သားသမီးတွေ ပညာရည်ထူးချွန်အောင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးတဲ့ ဝန်ထမ်းမိဘတွေရဲ့ စွမ်းဆောင်မှုကိုပါ ဝန်ကြီး ဌာနက ချီးကျူးဂုဏ်ပြုတဲ့အနေနဲ့ ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ခြင်းဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဝန်ကြီးရဲ့ ဂုဏ်ပြုအမှာစကားမှာ **"အခုလို ဂုဏ်ထူးများ ရရှိအောင် ပံ့ပိုးပေးခဲ့ကြတဲ့ ကျောင်းသူကျောင်းသားများရဲ့ မိဘများဟာ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြပြီး၊ မိမိတို့လုပ်ငန်းတာဝန် များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်နေကြရင်း မိမိတို့ရဲ့ ပေးဆပ်မှုမျိုးစုံနဲ့ ပြုစုပျိုးထောင်ခဲ့တဲ့ သားသမီးများကို ထူးချွန်စွာ အောင်မြင်မှုများ ရရှိစေခဲ့တဲ့အပေါ် အတိုင်းမသိဝမ်းမြောက် ဂုဏ်ယူ ခံစားနေကြမှာဖြစ်လို့ မိမိအနေနဲ့လည်း ထပ်တူခံစား ဂုဏ်ယူဝမ်းမြောက်ကြောင်း"** ပြောကြားသွားပါတယ်။ အားလုံးကို ခြုံပြီးပြောရရင်တော့ အစ်ကိုကြီးသိတဲ့အတိုင်း **"မိဘ၊ ဆရာ၊ ကျောင်း သားပူးပေါင်း ကလေးပညာကောင်း"** ပေါ့ အစ်ကိုကြီးရာ။"

"အေး ငါထပ်ပြောချင်တာကတော့.........

**"ဝန်ကြီးဌာန၊ မိဘ၊ ဆရာ၊ ကျောင်းသားပူးပေါင်းကလေးပညာကောင်း"** ပေါ့ကွာ။"

အစ်ကိုကြီးက သူ့စကားကို အားရပါးရပြောရင်း ဖုန်းချသွားပါသည်။

မောင်အောင်




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဆုရကျောင်းသား/ကျောင်းသူများ အမှတ်တရမှတ်တမ်းတင်ပုံ

# ကျောရိုးမဲ့ရေသတ္တဝါသံပခြုပ်၏ ထူးခြားသောသဘာဝနှင့်အသုံးဝင်ပုံ



**ပင်လယ်ပြာ(ငါးဦးစီး)**

သံပခြုပ်များသည်ရေအောက်ကြမ်းပြင်တွင်နေထိုင်ကြသော ဆူးချွန်များပါသော ကျောရိုးမဲ့ရေနေသတ္တဝါ(Spiny Marine Invertabrate) အုပ်စုဝင်များ ဖြစ်ကြပါသည်။ သံပခြုပ်ကို အစိမ်းရောင်ကျောက်သွေးဟုလည်း ခေါ်ကြပါသည်။အမည်းရောင်လည်းရှိပြီး ထန်းသီးအသေးအရွယ်နီးပါး ရှိကြသည်။ အချို့သံပခြုပ်လေးများမှာ ကြက်မောက်သီးနှင့် ပုံစံရော၊ အရွယ်ပါဆင်တူကြပြီး ကျောက်တန်းများ ပေါ်နှင့် အဆင်ပြေရာ ကျောက်ခေါင်းများထဲတွင်လည်း ခိုအောင်းနေတတ်လေ့ ရှိကြပါသည်။ ရေကျချိန်တွင် သံပခြုပ်ကောင်လေးများသည် ပင်လယ်အောက်က ကျောက်တုံးများတွင် ကပ်နေပြီး ကျောက်သွေးများကို စုပ်ယူကာ အသက်ရှင်နေထိုင်လေ့ရှိကြပါသည်။

သံပခြုပ်သည် ဒေသအခေါ်ဖြစ်ပြီး အင်္ဂလိပ်အမည်မှာ 'Sea Urchin' ဖြစ်သည်။မြန်မာနိုင်ငံရှိချောင်းသာ၊ ငွေဆောင်နှင့် တောင်ပိုင်းမြိတ်ကျွန်းစုကမ်းခြေများ၊ကော့သောင်းဒေသများတွင်လည်းသံပခြုပ်အမြောက်အမြားတွေ့ရတတ်သည်။အပူပိုင်းဒေသတစ်လျှောက်တွင်ရှိသည့် သန္တာကျောက်တန်းများတွင်လည်း တွေ့ရတတ်သည်။

သံပခြုပ် (Sea urchins)များသည် Echinoderms အုပ်စုဝင်များဖြစ်ကြပြီး ဆူးချွန် (spine)များပါရှိကြပြီး ထုလုံးပုံ ကျောရိုးမဲ့ ရေနေအကောင် (globular marine invertebrate) များ ဖြစ်ကြပါသည်။သံပခြုပ်(Sea urchin)မျိုးစိတ်များသည် သေးငယ်ကြပြီး ဆူးပါသောအရေပြား ပါရှိကြသည်။

အချိုးညီသောအနားတွန့် ၅ခု ပါရှိပြီး လုံးဝန်းသောပုံသဏ္ဍာန်ရှိသည်။ မျိုးစိတ်ပေါင်း ၉၈၀ ခန့်ရှိပြီး ဒီရေအတက်အကျရှိရာဒေသများနှင့် ပင်လယ်ရေအနက် မီတာ ၅၀၀၀ ပင်လယ်ကြမ်းပြင်များအထိ တွေ့ရှိနိုင်သည်။သံပခြုပ်၏ အရေခွံသည် ၃ စင်တီမီတာမှ ၁၀ စင်တီမီတာအထိရှိတတ်ပြီး အနက်ရောင်၊ အစိမ်း၊ သံလွင်၊ အညို၊ ခရမ်း၊ အပြာ၊ အနီရောင်တို့ကို တွေ့ရှိရပြီး နှေးကွေးစွာသွားလာတတ်ကြသည်။ ဆူး(spines)များမှာ ၁ စင်တီမီတာမှ ၃စင်တီမီတာရှည်ပြီး ၁-၂ မီလီမီတာလုံးပတ်ရှိသည်။၎င်းတို့၏ ဆူးချွန်များဖြင့် အန္တရာယ်များကို ကာကွယ်လေ့ရှိပြီး ပါးစပ်မှာ ၎င်းတို့ခန္ဓာကိုယ်၏ အောက်ဘက်တွင် ရှိကြသည်။ Carribbean နှယ်ဝင် Diadema antillarum သံပခြုပ်မျိုးမှာ ၁၀ စင်တီမီတာမှ ၂၀ စင်တီမီတာအရှည် ရှိတတ်ပါသည်။

သံပခြုပ်များသည် ၎င်းတို့၏ ပြွန်ပုံစံခြေထောက် (tube foot)များနှင့် ဖြည်းညင်းစွာသာရွေ့လျားသွားလာကြပြီး တစ်ခါတစ်ရံဆူးချွန်များနှင့် ၎င်းတို့ကိုယ်ကို ပွတ်ဆွဲသွားလာတတ်ကြပါသည်။ သံပခြုပ်များတွင် ပါးစပ်မှ စအိုသို့ထွက်သော အပေါက် ၅ ပေါက် ပါရှိကြသည်။

ညမှောင်မှအစာရှာထွက်လေ့ရှိကြပြီး ၎င်းတို့ဆူးချွန်များမှာ ရေသတ္တဝါများ၏ အန္တရာယ်မှကာကွယ်ရန် အသုံးဝင်ကြပါသည်။သံပခြုပ်ဆူး စူးမိလျှင် အသားထဲဆူးများမြုပ်ကျန်ခဲ့ပြီး စက္ကန့်ပိုင်းအတွင်း အဆိပ်တက်ကာ ရောင်ကိုင်းလာပြီး နာလာသည်။ ရက်အနည်းငယ်တွင် ရောင်သောနေရာ ပုပ်သွားတတ်ပါသည်။

သံပခြုပ်များသည် အခြေခံအားဖြင့် အသီးအရွက်စား ( herbivores) များဖြစ်ကြပြီးရေညှိရေမှော်(algae) များကို အဓိကစားသုံးကြပြီးကျောရိုးမဲ့ရေသတ္တဝါငယ်များ၊ရေနေအပင်များ ကို လည်း စား တ တ် ကြ ပြီး အသက် ၂နှစ်ခန့်တွင် လိင်အားဖြင့် အရွယ်ရောက်သည်။ရေချိုနှင့် မိုးရေကိုအလွန်ကြောက်ကြပြီးမိုးလယ်မိုးကြီးချိန်များတွင်သံပခြုပ်များ အများအပြားသေဆုံးရလေ့ရှိကြပါသည်။

## သံပခြုပ်မျိုးပွားခြင်း

အနီရောင် သံပခြုပ်များသည် အခြားသတ္တဝါများ၏ တိုက်ခိုက်ခြင်း မခံရပါက နှစ်ပေါင်း ၂၀၀ ခန့်ထိ အသက်ရှင်သန်နိုင်သည်။ သံပခြုပ်အမတစ်ကောင်သည် ဥပေါင်း ၁၀၀၀ ခန့် ဥချလေ့ရှိသည်။

သံပခြုပ်အမ ဥချထားသောဥများသည် ရေတွင်မျောနေကာ အဖို





သံပခြုပ်မှထွက်ရှိလာသော အဖိုမျိုးဥများနှင့် ထိတွေ့ပြီး နာရီအနည်းငယ်အတွင်းတွင် သန္ဓေအောင်ဥများဖြစ်၍ ၁၂ နာရီတွင် ဆဲလ်စတင်ကွဲသည်။ ၁၄ နာရီမှ ၂၀ နာရီတွင် Blastula အဆင့်၊ ၃၀ နာရီမှ ၅၀ နာရီအထိတွင် Gastrula အဆင့်၊ ၇၂ နာရီတွင် လက်တံ ၆ခုပါသော Pluteus larva အဖြစ် ရောက်ရှိပါသည်။၆ ပတ်မှ ၈ ပတ်ခန့်အကြာတွင်နောက်ဆုံး ရုပ်သွင်ကူးပြောင်းမှုပြည့်စုံပြီး Juvenile အဆင့်သို့ ရောက်ရှိပါသည်။

သံပခြုပ်၏ပါးစပ်တွင် ကယ်လ်စီယမ်ကာဗွန်နိတ်ပါဝင်သော သွားသဏ္ဍာန်မေးရိုးတစ်ခုရှိပြီး လျှာကဲ့သို့ ပွယောင်းနေသောအစာကို ကြိတ်ဝါးပြီး အစာရေမြိုမှုတစ်ဆင့် အစာအိမ်သို့ ပို့ဆောင်ပေးသည်။မျက်စိ မပါရှိသော်လည်း ထိတွေ့မှုအာရုံဖြင့် အလင်းရောင်နှင့် ဓာတုပစ္စည်းများကို ခံစားသိရှိနိုင်ပါသည်။

## ဆေးဘက်ဝင် သံပခြုပ်

သံပခြုပ်ဆိုသော ထူးခြားလှသည့် ပင်လယ်ရေနေသတ္တဝါတွင် ထူးကဲလှသော အကျိုးသက်ရောက်မှုများစွာ ရှိပါသည်။သံပခြုပ်၏ အတွင်းသားမှာ အလွန်နူးညံ့ပြီး ခွန်အားကိုတိုးစေသည်ဟု ဆိုကြပါသည်။ တစ်ချို့က အစိမ်းစားကြသည်။ သံပခြုပ်ကို ဓားဖြင့် ခွဲ၊ အတွင်းမှအနှစ်များကို ဖန်ခွက်ထဲထည့် သံပရာရည်သွစ်ကာ သမအောင်မွှေပြီး သောက်ကြပါသည်။ တချို့လည်း ပျားရည်၊ အရက်၊ သံပရာရည်တို့ဖြင့် သံပခြုပ်အနှစ်ကိုရောပြီးသောက်ကြပါသည်။

သံပခြုပ်ကို အရက်နှင့်စိမ်လိုက်လျှင် သံပခြုပ်ကိုယ်မှ ကျောက်သွေးများကျပြီး အရက်အရောင်မှာ သံပခြုပ်သွေးအရောင်အတိုင်း ပြောင်းသွားလေ့ရှိပါသည်။ သံပခြုပ်ကောင်ကို ယောက်ျား၊ မိန်းမ မရွေး သောက်သုံးနိုင်ပြီး ကိုယ်ခံစွမ်းအားကောင်းစေသည်ဟု ဆိုကြပါသည်။ သံပခြုပ်အနှစ်သည် အနည်းငယ်ညှီပြီး အလွန်ရှားပါး ဆေးစွမ်းထက်သည်ဟု အယူရှိကြသည်။

## သံပခြုပ်ဆူးအန္တရာယ်

သံပခြုပ်၏ ဆူးများမှာ ဆွေးနေသောသံကဲ့သို့ရှိပြီး အလွန်ချွန်ထက်သည်။ စူးမိလျှင် ဆူးကြေသွားပြီး အသားထဲမြုပ်ကျန်ခဲ့သည်။စက္ကန့်ပိုင်းအတွင်း အဆိပ်တက်ကာ မခံမရပ်နိုင်အောင်နာသည်။အပြင်းအထန်ယောင်ကိုင်းလာသည်။ရက်အနည်းငယ်အတွင်း ယောင်သောနေရာ ပုတ်သွားတတ်သည်ဟုဆိုကြသည့်အတွက် ဆူးကို သတိထားစေလိုပါသည်။

## ဆလုံလူမျိုးများအလွန်ကြိုက်သည့် သံပခြုပ်ကောင်

သံပခြုပ်သည် ဆလုံများ အဓိကကြိုက်နှစ်သက်သော အစားအစာဖြစ်ပြီး ၎င်းတို့ အလွန်တရာ ခင်မင်ရသော မိတ်ဆွေများ၊ခေါင်းဆောင်/အကြီးအကဲများကို သာ ရှာဖွေကျွေးမွေး၊ လက်ဆောင်ပေးတတ်ကြသည်။ တော်ရုံသင့်ရုံခင်မင်သူများအား သံပခြုပ် မကျွေးတတ်ဟု သိရသည်။

ဆလုံလူမျိုးများသည် သံပခြုပ်ကောင်ကို ညင်သာစွာခွာယူပြီး ဓားဖြင့်ခွဲကာ အတွင်းရှိအသားများကို (ခုံးကောင်၊ခရုကောင်တို့၏အသားများကဲ့သို့) ပြုတ်ခြင်း၊ပေါင်းခြင်း၊ကြော်ခြင်းများ ပြုလုပ်စားသုံးကြသည်။အသားမှာ ချိုအိပြီး ညှီသောအရသာရှိပါသည်။သံပခြုပ်ကိုစားလျှင် သွေးအားကောင်းခြင်း၊ ဟော်မုန်းဓာတ်တိုးပွားခြင်းနှင့် ရာသီဥတုပူခြင်း/အေးခြင်းတို့ကို ခံနိုင်ရည်ရှိစေသည်ဟု ဆိုသည်။

သံပခြုပ်ကောင်၏ထူးခြားမှုမှာ ၎င်းတို့၏အနီးသို့ အမျိုးသားများချဉ်းကပ်လာပါက ဆူးတောင်များထောင်ပြီး တိုက်ခိုက်လေ့ရှိပါသည်။ အမျိုးသမီးများဖြစ်ပါက လှုပ်ရှားမှု မရှိဘဲ ငြိမ်သက်စွာ နေထိုင် လျက်ရှိပါသည်။ထို့ကြောင့် သံပခြုပ်များကို ဆလုံအမျိုးသမီးများကသာ ရှာဖွေဖမ်းဆီးခြင်းပြုကြသည်ဟု ဆိုပါသည်။

သံပခြုပ်ကောင်များသည် အများအားဖြင့် ရေအောက်ကြမ်းပြင်ရှိ သဲနုန်းများနှင့် ကျောက်တန်း ကျောက်ပုံများကြားတွင် နေထိုင်ကြသည်။

စာ-၉ သို့

စာ-၈ မှ
၎င်းတို့ကို နင်းမိလျှင် သို့မဟုတ် ၎င်းတို့၏တိုက်ခိုက်ခြင်းခံရလျှင် ဆူးများက လူ့အသားတွင် စိုက်ဝင်ကျိုးကျန်ခဲ့ပြီး အနာရင်းကာ ပြည်တည်ပြီး အသားပုပ်တတ်သဖြင့် အလွန်ကြောက်စရာ ကောင်းပါသည်။

သံပချိုပ်အတွင်းသား ကြိုက်တတ်သူမျှအနေဖြင့် သံပချိုပ်ကြော်ကို ကြိုက်နှစ်သက်ကြသော်လည်း သံပချိုပ်ဖမ်းခြင်းကိုမူ လူတိုင်းမလုပ်ဆောင်ရဲကြဘဲ ပင်လယ်ပျော်မော်ကင်းများကသာ ဖမ်းဆီးရှာဖွေနိုင်သူများ ဖြစ်ပါသည်။

### ဂျပန်လူမျိုးများ နှစ်သက်သည့် သံပချိုပ် roe (ခေါ်) uni (အူနီ)

ယခုနောက်ပိုင်းတွင် ပင်လယ်စာအနေနှင့် ပိုမိုခေတ်စားလာသော ချွန်ချွန်ထက်ထက် သံပချိုပ်လေးများသည်သမုဒ္ဒရာပင်လယ်ကျောက်ဆောင်အနီးတွင် ရှင်သန်နေထိုင်ကြပါသည်။ Uni (အူနီ) ဆိုသည်မှာ ဂျပန် အခေါ်အရ သံပချိုပ်၏ roe ဟုခေါ်သည့် မျိုးပွားအင်္ဂါလေးဖြစ်ပြီး အင်မတန်မှ နူးညံ့လှပါသည်။

သံပချိုပ်များကို သဘာဝအတိုင်းဖမ်းယူရတာများပြီး မွေးမြူရ ခက်ခဲပါသည်။ ထို့ကြောင့် သံပချိုပ်တစ်ကောင်မှ Uni roe ဟုခေါ်သည့် အနှစ်လေးများကို အနည်းငယ်သာရသဖြင့် Uni လေးများသည် ဈေးကြီးလှေ့ရှိပါသည်။ ဂျပန်လူမျိုးများကလည်း အလွန်ကြိုက်ကြပါသည်။

ကျန်းမာရေးအရဆိုလျှင်လည်း Uni(အူနီ)သည် salmon ငါးများကဲ့သို့ Omega-3 ကြွယ်ဝပြီး protein nutrients များသည့် healthy foods တစ်မျိုးဖြစ်ပါသည်။ သံပချိုပ်၏ Uni(အူနီ)အရသာသည်ဆိမ့်ဆိမ့်လေးနှင့် အရသာအလွန်ရှိပြီး အနီးစပ်ဆုံး ဆိုရလျှင် ကိုင်းဥ ကဲ့သို့ creamyဆိမ့်ဆိမ့်လေးကိုစားရသည့် အရသာနှင့် ဆင်တူပါသည်။ ဂျပန်လူမျိုးများသည် Uni(အူနီ)ကို ဆူရှီ(sushi)ထမင်းလိပ်ပြုလုပ် စားကြပြီး sashimiလိုလည်း အစိမ်းစားကြသည်က များပါသည်။

### သံပချိုပ်စားခြင်းဖြင့်ရရှိနိုင်မည့် ကျန်းမာရေးအကျိုးကျေးဇူးများ

**၁။ အသားဓာတ်ကြွယ်ဝခြင်း**

သံပချိုပ်များသည် အသား၊ငါးများကဲ့သို့ ပရိုတင်းဓာတ်ကြွယ်ဝသဖြင့် အသားဓာတ်ရနိုင်မည့်အရင်းအမြစ်တစ်ခုအဖြစ် စားသုံး၍ရပါသည်။ ထို့ကြောင့်လည်း သံပချိုပ်အနှစ်ဂျပန်ထမင်းလိပ်ကို အခြား နိုင်ငံများတွင် လူကြိုက်များကြပါသည်။ သံပချိုပ်အနှစ်ဆူရှီတစ်တုံးတွင်ပရိုတင်း(အသားဓာတ်) ၃ ဒသမ၂ ဂရမ် ပါဝင်ပါသည်။

**၂။ အမျှင်ဓါတ်(Fiber)ကြွယ်ဝခြင်း**

သံပချိုပ်ကိုစားလျှင် အုတ်ဂျုံနှင့် ဂျုံကြမ်းတို့ကဲ့သို့ အမျှင်ဓါတ်များများရနိုင်သောကြောင့် ဝမ်းချုပ်ခြင်းကို ကာကွယ်ပြီး အစာခြေလမ်းကြောင်းကို ကျန်းမာစေပါသည်။ သံပချိုပ်ကိုဆက်တိုက်စားပေးပါက အမျှင်ဓါတ်လိုအပ်မှုကိုအတော်ဖြည့်ဆည်းနိုင်ပါသည်။

**၃။ ဗီတာမင်-စီပါဝင်ခြင်း**

သံပချိုပ်တွင် Vitamin-C ပါဝင်သောကြောင့် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်မှုအတွက် အားဖြည့်ပေးနိုင်ပြီးရောဂါများကိုခုခံနိုင်စွမ်း ကောင်းမွန်စေနိုင်ပါသည်။ သရက်သီးလိမ္မော်သီး၊အစိမ်းရောင်အသီးအရွက်များနှင့် အားဆေး မစားချင်ဘူးဆိုလျှင်လည်း သံပချိုပ်ကို စားသုံးနိုင်ပါသည်။

**၄။ ခွန်အားတိုးစေခြင်း**

သံပချိုပ်ကို အမျိုးသားခွန်အားတိုးစေသည့် အာဟာရအဖြစ် ဂျပန်တွင် လူသိများသည့်အပြင် သံပချိုပ်ဆူရှီကိုလည်း လူကြိုက်များပါသည်။ သံပချိုပ်သည် သွေးလည်ပတ်မှုကို ကောင်းမွန်စေပါသည်။ ထို့ပြင် လိင်စိတ်ကိုလည်းအားပေးသည်။

**၅။ ဗီတာမင်-အေကြွယ်ဝခြင်း**

ဗီတာမင်-အေ ကြွယ်ဝသော အစားအစာကိုရှာချင်သည်ဆိုလျှင် သံပချိုပ်ကို ညွှန်ရမည်ဖြစ်သည်။ မုန်လာဥနီ၊ ကိုက်လန်၊ ဟင်းနုနွယ်၊ သခွားမွှေးတို့တွင်သာ အဓိကတွေ့ရတတ်သော Vitamin-A ကိုသံပချိုပ်မှလုံလောက်သည့်ပမာဏအထိ ရနိုင်ပါသည်။ ဘီတာကယ်ရိုတင်းက ကိုယ်ခံအားစနစ်အတွက် အားဖြည့်ပေးပါလိမ့်မည်။

**၆။ ကယ်လိုရီ ရနိုင်ခြင်း**

ခန္ဓာကိုယ်လှုပ်ရှားနိုင်ရန်အတွက် ခွန်အားပုံမှန်ဖြည့်ပေးရန် သံပချိုပ်က ကူညီပေးနိုင်ပါသည်။ အလွန်ပင်ပန်းပြီး အားကုန်နေသည်ဆိုလျှင် ကယ်လိုရီကြွယ်ဝသော သံပချိုပ်ကို စားလိုက်ခြင်းအားဖြင့် အမြန်အားပြန်ပြည့်စေနိုင်ပါသည်။ ထို့ပြင် ကိုယ်တွင်းကလီစာများ လုပ်ဆောင်ချက်ကို မှန်ကန်သွားစေပြီး နှလုံးကိုလည်း ကျန်းမာစေပါသည်။

ထိုကဲ့သို့ ကျန်းမာရေးအကျိုးကျေးဇူးများလှသော သံပချိုပ်ကို နေရာတိုင်းတွင် အလွယ်တကူဝယ်ယူ၍ မရနိုင်သော်လည်း ကမ်းခြေသို့ရောက်လျှင် စားဖြစ်အောင်စားစေချင်ပါသည်။

### သတိပြုရမည့်အချက်များ

သံပချိုပ်တစ်ကောင်လုံးတွင် Uni (အူနီ)ဟုခေါ်သည့် သံပချိုပ်၏ မျိုးပွားအင်္ဂါအစိတ်အပိုင်းတစ်ခုသည်သာ စားရန်အတွက်သင့်တော်ပြီး ဆူးများဖြစ်သော Spine များမှာ အဆိပ်အရှိဆုံးနေရာ ဖြစ်ပါသည်။ သံပချိုပ်ကို စားသုံးသောအခါ Uni (အူနီ)ကိုသာစားသင့်ပြီး သံပချိုပ်အရှင်ကိုစားပါက ဆူးများသာမက သံပချိုပ်၏ပါးစပ်နေရာကိုပါသေချာ သတိထားရှောင်ပြီး စားသုံးသင့်ပါသည်။ ထို့ပြင် သံပချိုပ်မျိုးကွဲ တချို့သည် အဆိပ်ပြင်းသောကြောင့် စားရန်အတွက် လုံးဝမသင့်တော်သည့်ထဲတွင် ပါဝင်ပါသည်။

စားလို့ရသော သံပချိုပ်၏ အဆိပ်မိသွားလျှင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ မရောက်ရှိနိုင်သော်လည်း နာကျင်ခြင်း၊ မူးနောက်ခြင်း၊အော့အန်ခြင်း၊ဗိုက်နာခြင်းနှင့် အင်အားလျော့နည်းခြင်းအစရှိသော ပြင်းထန်သည့်ရောဂါလက္ခဏာများကို ခံစားရနိုင်သဖြင့် မပေါ့မလျော့ပဲ သေချာကုသသင့်ပါသည်။

သံပချိုပ်၏ ပါးစပ်သည် ၎င်း၏ ခန္ဓာကိုယ်အောက်တည့်တည့်တွင် ရှိပါသည်။ ပါးစပ်ကို ရှောင်ရမည့်အကြောင်းအရင်းမှာ ကိုက်တတ်၍ ဖြစ်သည်။ ကိုက်လိုက်လျှင် အဆိပ်ရှိတတ်သည်မို့ ရှောင်သင့်ပါသည်။ သံပချိုပ်သည် စားသုံးရန်အတွက် အန္တရာယ်ရှိနိုင်သော ပင်လယ်စာတစ်ခုဖြစ်သော်လည်းအရသာရှိသည့်အပြင် လူသားများအတွက် အာဟာရဖြစ်စေသော Vitamin နှင့် Protein များ ပါဝင်သောကြောင့် စားသုံးဖို့သင့်တော်သော ပင်လယ်စာတစ်ခုလည်း ဖြစ်ပါသည်သို့သော် သံပချိုပ်ကိုစားသုံးပါက အထက်ပါအတိုင်း သတိနှင့်စားသုံးကြပါရန် ရေးသားဖော်ပြလိုက်ရပါသည်။

ပင်လယ်ပြာ(ငါးဦးစီး)

https://www.wikipedia. org

# ကော်ဖီစေ့အစိမ်းများဝယ်ယူရန်အမှာစာများ မြန်မာနိုင်ငံကော်ဖီအသင်း ရရှိ

ကော်ဖီစေ့အစိမ်းများကို ဝယ်ယူရန်အတွက် နိုင်ငံတကာမှ ဝယ်လက်များက မြန်မာနိုင်ငံ ကော်ဖီအသင်း (MCA) သို့ ဆက်သွယ်ခဲ့ပြီး မြန်မာနိုင်ငံကော်ဖီအသင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှတဆင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများနှင့် ရောင်းချသူစာရင်းများအား တောင်းခံလျက် ရှိကြောင်း သိရှိရသည်။

ထို့ကြောင့် ကော်ဖီအစိမ်းစေ့ထုတ်လုပ်သူများနှင့် ကုန်သည်များအား အမည်၊ ရာထူး၊ လုပ်ငန်း၊ စိုက်ပျိုးသူများအဖွဲ့၊ လိပ်စာ၊ နှစ်စဉ်ထုတ်လုပ်မှုနှုန်း၊ ဆက်သွယ်ရန်နံပါတ်နှင့် အီးမေးလ် လိပ်စာတို့ အပါအဝင် ရောင်းချသူများ၏ အချက်အလက်များကို မြန်မာနိုင်ငံကော်ဖီအသင်းက တောင်းခံထားကြောင်း၊ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကော်ဖီအသင်း၏ အီးမေးလ် mca@myan mar coffee.org နှင့် Viber ဖုန်းနံပါတ် 09 951570777 မှတဆင့် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။



နိုင်ငံတကာဈေးကွက်တွင် အရည်အသွေးကောင်းသော အဆင့်မြင့်ကော်ဖီများ ထုတ်လုပ် နိုင်ရန် မြန်မာနိုင်ငံကော်ဖီအသင်းသည် ကော်ဖီထုတ်လုပ်မှုအပေါ် လွှမ်းမိုးမှုရှိသော အချက်များ ဖြစ်သည့် ကော်ဖီစိုက်ပျိုးခြင်းဆိုင်ရာ နည်းပညာနှင့် လက်တွေ့ကျသောချဉ်းကပ်မှုများ၊ ကော်ဖီ စံနှုန်းများ၏ အခြေခံမှုများ၊ ကျင့်ထုံးများနှင့် ပတ်သက်သည့်သင်တန်းများ ပို့ချပေးလျက်ရှိပြီး ကော်ဖီ ထုတ်လုပ်မှုဆိုင်ရာ အကြောင်းရင်းများ၊ ကော်ဖီစေ့အမှည့်များ၏ ဝိသေသလက္ခဏာများ၊ ကော်ဖီခူးဆွတ်မှုနည်းလမ်းများနှင့် အကျိုးကျေးဇူးများ၊ ကော်ဖီစေ့နမူနာနှင့် အရည်အသွေး ထိန်းချုပ်မှု၊ ကော်ဖီစေ့အစိုဓာတ်တိုင်းတာသော ကိရိယာများအပြင် ကော်ဖီရင့်မှည့်မှုကို စမ်းသပ်ရန်နှင့် အချို့ ဓာတ်ပါဝင်မှုကို တိုင်းတာရန် refractometer စသည့် ကော်ဖီခူးဆွတ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ကော်ဖီစေ့လှော်ခြင်းမှ ပေါင်းစပ်ထုတ်လုပ်ခြင်း အဆင့်ထိ နည်းလမ်းများကို ပို့ချပေးလျက်ရှိကြောင်း သိရှိရသည်။

ဟောမန်အောင်မင်း

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း-၉)

## ကဆက်ဆတ် စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်၊ ထိုင်းနိုင်ငံ



သမိုင်းဝင် ဂက်တန်စိုက်ပျိုးရေးကောလိပ် (ယခု ကွင်းစလန်တက္ကသိုလ်၊ ဂက်တန်နယ်မြေ)(ကျွန်တော်တို့နိုင်ငံရှိ စိုက်ပျိုးရေးသိပ္ပံ၊ စိုက်ပျိုးရေး အထက်တန်း ကျောင်းများထက် အများကြီးစောပါသည်)

(ယခင်အပတ်မှအဆက်)

(ဆ) **ပတ်ဝန်းကျင်ပညာမဟာဌာန (Faculty of Environment)**

ဤ မဟာဌာန ကြီးကြပ်မှု အောက်တွင်

(ဆ-၁) ပတ်ဝန်းကျင်နည်းပညာနှင့် စီမံခန့်ခွဲမှုဌာန (Department of Environmental Technology and Management)

(ဆ-၂) ပတ်ဝန်းကျင်သိပ္ပံဌာန (Department of Environmental Science) တို့တွင် ကျောင်းသား၊ ကျောင်းသူပေါင်း ၇၀၀-ကျော် ပညာသင်ကြားလျက်ရှိပါသည်။

(ဇ) **မွေးမြူကုသရေးပညာမဟာဌာန ( Faculty of Veterinary Medicine)**

ဤ မဟာဌာန ကြီးကြပ်မှု အောက်တွင်

(ဇ-၁) ခန္ဓာဗေဒဌာန (Department of Anatomy)

(ဇ-၂) ဇီဝကမ္မဗေဒဌာန (Department of Physiology)

(ဇ-၃) အဏုဇီဝနှင့်ရောဂါပြီးပညာဌာန (Department of Microbiology and Immunology)

(ဇ-၄) ဆေးဝါးဗေဒဌာန (Department of Pharmacology)

(ဇ-၅) ရောဂါဗေဒဌာန (Department of Pathology)

(ဇ-၆) ကပ်ပါးဗေဒဌာန (Department of Parasitology)

(ဇ-၇) တိရိစ္ဆာန်ကျန်းမာရေးပညာဌာန (Department of Veterinary Public Health)

(ဇ-၈) အိမ်မွေးတိရိစ္ဆာန်များအတွက် လက်တွေ့ဆေးကုသမှုသိပ္ပံဌာနများ (Department of Companion Animal Clinical Sciences)

(ဇ-၉) မွေးမြူရေးသဘာဝ အရင်းအမြစ်များနှင့်ဆေးဝါး ထုတ်လုပ်ရေးဌာန (Department of Farm Resources and Production Medicine)

(ဇ-၁၀) ကျွဲ၊ နွားစသည့်တိရိစ္ဆာန်များနှင့် တောရိုင်းတိရိစ္ဆာန်များ လက်တွေ့ဆေး ကုသမှုဌာန (Department of Large Animal and Wildlife Clinical Science) စသည့်တို့တွင် ကျောင်းသား၊ ကျောင်းသူပေါင်း ဘန်ကင်းနယ်မြေတွင် ၅၀၀-ကျော်၊ ကန်ပင်ဆန်နယ်မြေတွင် ၄၀၀-ကျော် (စုစုပေါင်း ၉၀၀-ကျော် ပညာသင်ကြားလျက်ရှိနေပါသည်။

(ဈ) **မွေးမြူရေးဆိုင်နည်းပညာများ မဟာဌာန (Faculty of Veterinary Technology)**

ဤ မဟာဌာန ကြီးကြပ်မှု အောက်တွင်

(ဈ-၁) မွေးမြူရေးဆိုင်ရာနည်းပညာဌာန (Department of Veterinary Technology)

(ဈ-၂) တိရိစ္ဆာန်ပြုစုရေး ဘွဲ့ကြိုသင်တန်း (Bachelor of Science program in Animal Nursing)

(ဈ-၃) မွေးမြူရေးဆိုင်ရာနည်းပညာဘွဲ့ကြိုသင်တန်း (Bachelor of Science Program in Veterinary Technology) တို့တွင် ကျောင်းသား၊ ကျောင်းသူပေါင်း ၉၀၀-ကျော် ပညာသင်ကြားလျက်ရှိပါသည်။

ဤဘန်ကင်းနယ်မြေ တစ်ခုတည်းတင် မဟာဌာန ၁၆ ခု ဖြင့် ကျောင်းသားပေါင်းများစွာ ပညာသင်ကြားသုတေသနပြုလျက်ရှိပါသည်။ မဟာဌာနတစ်ခုတည်းတွင်ပင် ကျွန်တော်တို့ဆီက စိုက်ပျိုး၊ မွေးမြူရေး၊ သစ်တောတက္ကသိုလ်များရှိ ကျောင်းသားများထက် အရေအတွက်များပြားလျက်ရှိနေပါသည်၊

တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေး သစ်တောနှင့် ပတ်ဝန်းကျင်သိပ္ပံ ပညာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများ၊ သုတေသနပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ တက္ကသိုလ်များစွာလိုအပ်လျက်ရှိနေပါသေးသည်။

အခြားမဟာဌာနများမှာ

(ည) **စီးပွားစီမံပညာ မဟာဌာန (Faculty of Business Administration)**

**ဒေါက်တာမျိုးကြွယ်**

(ဋ) **လူမှုဘာသာရပ်များ မဟာဌာန (Faculty of Humanities)**

(ဌ) **အင်ဂျင်နီယာနည်းပညာ မဟာဌာန (Faculty of Engineering)**

(ဍ) **ဗိသုကာပညာ မဟာဌာန (Faculty of Architecture)**

(ဎ) **ပညာရေးမဟာဌာန (Faculty of Education)**

(ဏ) **လူမှုရေးသိပ္ပံပညာများ မဟာဌာန (Faculty of Social Sciences)** တို့စုံလင်အောင်ရှိပါသည်။

ဘန်ကင်းနယ်မြေအပြင် တစ်ခြားနယ်မြေများကို ကြည့်ရအောင်ပါ၊

**ကင်ပန်ဆန်နယ်မြေ (Kamphaeng Saen Campus)** ပင်မတက္ကသိုလ်ကြီးနှင့် ၈၀-ကီလိုမီတာဝေးပြီး ၁၉၇၉-ခုနှစ်မှ စတင်တည်ထောင်ဖွဲ့စည်းခဲ့သော်လည်း ၁၂၇၂-ဟက်တာ (ဧက ၃၀၀၀) ကျော်ကျယ်ဝန်းပြီး မဟာဌာန ၆-ခုတွင် စိုက်ပျိုး၊ မွေးမြူရေး မဟာဌာန (Faculty of Agriculture) သီးသန့်နှင့် ဆန်စပါးသုတေသနဌာန (Rice Research Institute) သီးသန့်ရှိပါသည်။ စိုက်ပျိုးမွေးမြူရေးကျောင်းသား၊ ကျောင်းသူ ပေါင်း ၁၉၀၀-ကျော်သင်ကြားသုတေသနပြုလျက်ရှိကာ ပင်မတက္ကသိုလ်ကြီးကို အထောက်အကူပြုလျက်ရှိပါသည်၊ ၂၀၂၀ ခုနှစ်က တက္ကသိုလ် နှစ်ပတ်လည်နေ့တွင် ကျွန်တော်တို့ကို ဖိတ်ကြားပြီး ထိုနယ်မြေကိုလေ့လာခဲ့ရာ စပါးသုတေသနဌာနမှ အာဟာရဓါတ်ကြွယ်ဝသော ခရမ်းရောင် စပါးမျိုးသစ် ထုတ်လုပ်နိုင်ရန်ပြင်ဆင်နေသည် ကို တွေ့ခဲ့ရပါသည်။

အင်ဂျင်နီယာ မဟာဌာန (Faculty of Engineering) အောက်တွင် စိုက်ပျိုးရေး အင်ဂျင်နီယာ (Department of Agricultural Engineering)၊ အစားအသောက်ဆိုင်ရာ အင်ဂျင်နီယာ (Department of Food Engineering) ဌာနများ သီးသန့်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူ ရေးဆိုင်ရာ အင်ဂျင်နီယာ များစွာ မွေးထုတ် ပေးလျက်ရှိနေပါသည်၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၀၀-ကျော် သင်ကြားသုတေသနပြုလျက်ရှိပါသည်။ ကျွန်တော် တို့ နိုင်ငံတွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ စိုက်ပျိုးရေးအင်ဂျင်နီယာအဓိက ဘာသာရပ်ရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ၁၉၇၂-ခုနှစ်တွင် ရပ်တန့်ခဲ့ကာ ကျွန်တော် အမျိုးသားပညာရေးကော်မရှင်တွင် တာဝန်ထမ်းဆောင်ခဲ့တုန်းကမှ နိုင်ငံတော် အတွက် လိုအပ်ပါသည်ဟုဆွေးနွေးကြပြီး ယခုနှစ် ၂၀၂၂-၂၀၂၃ ခုနှစ်ကစ၍ မန္တလေးနည်းပညာ တက္ကသိုလ်တွင် ပထမနှစ်မှ စတင်ဖွင့်လှစ်နေပြီဟု ကြားသိရပါသည်။ အစားသောက် အင်ဂျင်နီယာပညာလည်း ရန်ကုန်နည်းပညာတက္ကသိုလ်တွင်ဖွင့်လှစ်နေတာ တတိယနှစ်သို့ရောက်နေပြီဟုကြားသိရပါသည်။ ထိုင်းနိုင်ငံကဲ့သို့ စိုက်ပျိုးရေးနှင့် ဆက်စပ်နေသော ဘာသာရပ်များ တက္ကသိုလ် တစ်ခုတည်းတွင် တစ်စု တစ်စည်းထဲမဟုတ်ဘဲ အကွဲကွဲ အပြားပြားပါ။ ကျွန်တော်တို့ ခြေလှမ်းများစွာဖြင့် အပြေးလိုက်ရပါဦးမည်။

ဤနယ်မြေတွင်ဘဲ အားကစားသိပ္ပံမဟာဌာန (Faculty of Sports Science)၊ ပညာရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု သိပ္ပံပညာ မဟာဌာန (Faculty of Education and Development Sciences)၊ ဘက်စုံဗဟုသုတနှင့်ဝိဇ္ဇာပညာ (Faculty of Liberal Arts)၊ မွေးမြူကုသရေးမဟာဌာန (Faculty of Veterinary Medicines and Veterinary Technology) များစွာရှိပါသည်။

**ချာလန်ပန်ကစ်နယ်မြေ (Chalermphrakiat Campus)** ပင်မတက္ကသိုလ်ကြီးနှင့် ၆၅၀-ကီလိုမီတာဝေးပြီး ၁၉၉၆-ခုနှစ်မှ စတင်တည်ထောင်ဖွဲ့စည်းခဲ့သော်လည်း ၁၁၂

**စာ-၁၁ သို့**

စာ-၁၀ မှ

ဟက်တာ ကျော်ကျယ်ဝန်းပြီး မဟာဌာန ၄-ခုတွင် စိုက်ပျိုးရေး နည်းပညာနှင့်သဘာဝ အရင်းအမြစ် မဟာဌာန (Faculty of Natural Resources and Agro-Industry) တွင် ကျောင်းသား/သူ ၉၀၀ ကျော် ပညာသင်ကြားလျက်ရှိပါသည်၊

ဤနယ်မြေတွင် သိပ္ပံနှင့်နည်းပညာမဟာဌာန (Faculty of Science and Technology)၊ ဘက်စုံ ဗဟုသုတနှင့်ဝိဇ္ဇာပညာ (Faculty of Liberal Arts and management Science)၊ ပြည်သူ့ကျန်းမာရေး မဟာဌာန (Faculty of Public Health) များစွာရှိပါသည်။

**ဆရိုင်ရာချာနယ်မြေ (Sriracha Campus)** သည် ပင်မတက္ကသိုလ်ကြီးနှင့် ၁၃၀-ကီလိုမီတာ ဝေးပြီး ၁၉၉၉-ခုနှစ်မှ စတင် တည်ထောင်ဖွဲ့စည်းခဲ့သော်လည်း ၃၂-ဟက်တာ ကျော်ကျယ်ဝန်းပြီး မဟာဌာန ၅-ခုရှိရာ စီမံခန့်ခွဲမှု မဟာဌာန (Faculty of Management Science)တွင် ကျောင်းသား၊ ကျောင်းသူပေါင်း ၅၀၀၀ ကျော်ဖြင့် အားကျစရာ တက်ရောက်သင်ကြားလျက်ရှိပါသည်။

အထူးသဖြင့် ပင်လယ်နားနီး၍ အပြည်ပြည်ဆိုင်ရာ အဏ္ဏဝါသိပ္ပံပညာ မဟာဌာန (Faculty of International Maritime Studies) မှာ နံမည်ကြီးပါသည်။ ထိုင်းကျောင်းသား၊ ကျောင်းသူနှင့် နိုင်ငံတကာ ကျောင်းသား၊ ကျောင်းသူပေါင်း ၇၀၀ ကျော် တက်ရောက်သင်ကြား သုတေသနပြုလျက်ရှိနေပါသည်။

**ဆူပန်ဘူရီနယ်မြေ (Suphan Buri Campus)** ကို မကြာသေးမီက ဖွင့်လှစ်ခဲ့ပြီး စီးပွားရေးစီမံခန့်ခွဲမှုပညာ - ဟော်တယ်စီမံခန့်ခွဲမှုနှင့် ခရီးသွားလာမှု ဖွံ့ဖြိုးရေးဆိုင်ရာ အထူးပြု ဘွဲ့သင်တန်း (Bachelor of Business Administration in Hotel and Tourism Management) စတင်ဖွင့်လှစ်လျက် ရှိပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံစိုက်ပျိုးရေးကောလိပ်နှင့် စိုက်ပျိုးရေးကောလိပ်မဟာဌာန (Burma Agriculture College and Faculty of Agriculture, The University of Mandalay) ထက်နောက်ကျပြီးမှ ဖွင့်လှစ်ခဲ့သော ထိုင်းနိုင်ငံက ကောလိပ်ကလေးက ယခုတော့ မြန်မာကျောင်းသား များစွာ သွားရောက်သင်ကြား၊ သင်ယူနေရပါပြီ၊ ဤတက္ကသိုလ်မှ စိုက်ပျိုးရေးဆိုင်ရာ ပါရဂူဘွဲ့ကို ဒေါက်တာမောင်မောင်တာ၊ ဒေါက်တာမြင့်မြင့်မော်၊ ဒေါက်တာသိဂီမြင့်၊ ဒေါက်တာကျော်ငွေ၊ ဒေါက်တာဥမ္မာခိုင်၊ဒေါက်တာအောင်မိုးမျိုးတင့်၊ ဒေါက်တာမြသူဇာ၊ ဒေါက်တာညီညီ၊ ဒေါက်တာသီတာ၊ ဒေါက်တာထားထားနိုင်၊ ဒေါက်တာခင်မျိုးဝင်း၊ ဒေါက်တာခင်မျိုးမြင့်၊ ဒေါက်တာ ခင်သီတာဝမ်း၊ ဒေါက်တာ အေးအေးသွဲ့၊ ဒေါက်တာ ခင်မျိုးငြိမ်း၊ ဒေါက်တာရာဇာဟိန်း၊ ဒေါက်တာနေနေဦး၊ ဒေါက်တာမြင့်မြတ်မိုး တို့ရရှိခဲ့ပြီး မဟာစိုက်ပျိုးရေးသိပ္ပံ ၁၂-ဦး၊ မွေးမြူကုသရေး ၂-ဦး၊ သစ်တော ၆-ဦး၊ ငါးလုပ်ငန်း က ၆-ဦး၊ ပညာရေးက ၂-ဦး၊ ကိုယ်ပိုင်စရိတ်ဖြင့် တက်ရောက်သူက ၈-ဦး ပညာသင်ကြား ဘွဲ့ရရှိခဲ့ပါသည်။ လက်ရှိ မြန်မာ နိုင်ငံမှ ပါရဂူ/မဟာ စိုက်ပျိုးရေးသိပ္ပံ စိုက်ပျိုးရေး ကျောင်းသား၊ ကျောင်းသူများစွာ တက်ရောက် ပညာသင်ကြား လျက်ရှိနေပါသည်။

နောက်တစ်ခုက ထိုင်းနိုင်ငံ တက္ကသိုလ်များမှာ သင်ရိုးနာရီ အမှတ်ပေးစနစ် (Semester Credit Hours System) ကိုကျင့်သုံးနေသည်မှာ ကြာမြင့်လှပါပြီ။

အဆင့်မြင့် ပညာရေး သင်ကြားပေးနေသော နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ် အသီးသီးတွင် ဘွဲ့ရ ကျောင်းပြီးသွားပါက ယနေ့ လိုအပ်နေသော လုပ်ငန်းများ၌ အလုပ်အကိုင် ရရှိရေး (Job Market/ Employability)၊ ၂၁-ရာစု ခေတ်သစ်နှင့်အညီ အရည်အသွေးမြင့် ပညာရပ်များ သင်ကြားရေး (21st Century Quality Higher Education)၊ သင်ကြားနေသောဘာသာရပ် အသီးသီး ကလည်း အကျိုးပြု ဘာသာရပ်များ ဖြစ်ပေါ်လာရေး (Effective and Efficient Subjects/Courses) စသည်တို့ သည် ခေတ်နှင့်အညီ အရေးပါလာပါသည်။

ထိုအခါ နိုင်ငံတကာ တက္ကသိုလ်အများစုတွင် လက်တွေ့ ကျင့်သုံးနေသော သင်ရိုးနာရီ အမှတ်ပေး စနစ် (Semester Credit-Hour System) ကို လေ့လာ၍ ဤစနစ်၏ ကောင်းမွန်သော အချက်များကို အတုယူနိုင်ပါသည်။

ဤစနစ်၏ အားသာချက်များမှာ -

(က) **ပြောင်းလွယ် ပြင်လွယ်မှု (Flexibility) ရှိခြင်း**

ကျောင်းသား၊ ကျောင်းသူများ အနေနှင့် ကျောင်းနေစဉ် ၄-နှစ် (သို့မဟုတ်) ၅-နှစ် အတွင်း (8-10 Semesters) သူတို့၏ စိတ်ဝင်စားမှု (Their Interest) ၊ သူတို့၏ ဉာဏ်စွမ်းရည် (Their Intelligence and Abilities) စသည့်ကိစ္စများ အပေါ်မူတည်၍ ဘာသာရပ်များစွာ ရွေးချယ်နိုင်စွမ်းရှိပါသည်၊ မိမိတို့ သင်ယူနေသည့် တက္ကသိုလ်ကမူ ဘာသာရပ်ပေါင်းစုံ သင်ကြားနေသော (Comprehensive University) တက္ကသိုလ် တော့ ဖြစ်ရပါမည်။

(ခ) **တိုးယူ၊ လျှော့ပေါ့ (Acceleration or Deceleration) နိုင်စွမ်းရှိခြင်း**

ကျောင်းသား၊ ကျောင်းသူ တစ်ဦးခြင်း အလိုက် မိမိဉာဏ်ရည် အပေါ်မူတည်၍ ဘာသာရပ်များစွာ တိုးမြင့်၊ လျှော့ပေါ့ သင်ယူနိုင်ပါသည်၊ ဉာဏ်ကောင်းပါက တက္ကသိုလ်၏ ဘာသာရပ် လိုအပ်ချက်အရ ပြည့်မီသွားလျှင် နှစ်စောပြီး ဘွဲ့ရရှိ သွားနိုင်ပါသည်။

(ဂ) **ဘာသာရပ်များ သင်ယူမှု ဆက်လက်မှတ်တမ်းတင် (Transferability) နိုင်စွမ်းရှိခြင်း**

တက္ကသိုလ် တစ်ကျောင်းမှ တစ်ကျောင်းသို့ ပြောင်းရွှေ့ရာတွင် သင်ယူလေ့လာခဲ့သော ဘာသာရပ်၊ ခရက်ဒစ်သင်ရိုးနာရီများကို လက်ဆင့်ကမ်း သယ်ယူနိုင်စွမ်းရှိပါသည်၊ ဤအချက်မှာ အခု မြန်မာနိုင်ငံ ပုဂ္ဂလိ ကတက္ကသိုလ် အချို့မှ အမေရိကန်၊ အင်္ဂလန် စသည့် နိုင်ငံများ၏ တက္ကသိုလ်များသို့ ပြောင်းရွှေ့သင်ယူရာတွင် မြန်မာနိုင်ငံတွင် မိမိ သင်ယူထားပြီးသော ဘာသာရပ်များကို နိုင်ငံရပ်ခြား တက္ကသိုလ်များက အသိအမှတ်ပြု လက်ခံ ပေးခြင်းဖြင့် အချိန်ကုန်၊ ငွေကုန်ကျမှုကို များစွာ လျှော့ချပေးနိုင်ပါသည်။

(ဃ) **မိမိ ကြိုတင် သင်ယူခဲ့မှု များကို (Recognition of Prior Learning) အသိ အမှတ်ပြုပေးခြင်း**

ဤစနစ်က ယခင်မိမိသင်ယူခဲ့ဘူးသောသော ဘာသာရပ်များ၊ သင်ခန်းစာများကို အသိအမှတ်ပြုပေးပါသည်၊ ဥပမာ - အဆင့်မြင့်တတ်ကျွမ်းမှုစစ်ဆေးခြင်း (Advanced Placement Course - AP)၊ နိုင်ငံတကာ ဘွဲ့ကြိုဘာသာရပ်များ (International Baccalaureate Courses - IB)၊ အထက်တန်းကျောင်းတွင် ကောလိပ်အဆင့်ရှိ ဘာသာရပ်များ သင်ယူပြီးခဲ့ခြင်း (College-Level Courses taken during High School) စသည်တို့ဖြစ်ပါသည်၊

(င) **ဘွဲ့ရရှိရန်လိုအပ်ချက်များ (Graduation Requirements)**

ဤစနစ်က ကျောင်းသား၊ ကျောင်းသူများ အတွက် လမ်းညွှန်ပေးပြီး သူကိုယ်တိုင် သင်ယူရမည့် အဓိကဘာသာ (Major Courses)၊ သာမာန်ဘာသာ (Minor Courses)၊ အထွေထွေ ပညာရေး (General Education)၊ စိတ်ကြိုက်ဘာသာတွဲများ (Elective Courses) ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါသည်။

(စ) **တစ်ဦးခြင်း ရည်မှန်းထားသော ပညာရေးလမ်းကြောင်း (Individualized Learning Paths)**

ကျောင်းသား၊ ကျောင်းသူများသည် လွတ်လပ်စွာ မိမိဝါသနာပါရာ ပညာရေးလမ်းကြောင်းကို သတ်မှတ် ပြဋ္ဌာန်းချက်ဘောင်အတွင်းမှ ရွေးချယ်နိုင်ခြင်းကြောင့် ဘာသာရပ်စုံလင်စွာ (Diversed Academic Disciplines)လေ့လာနိုင်ပြီး များပြားလှသော အထူးပြု ဘာသာ ခွဲများ (Interdisciplinary Areas of Study) အတွင်း စိတ်ကြိုက်ရွေးချယ်နိုင်ပါသည်။

ဥပမာ အနေနှင့် ပြောရလျှင် ၁၉၈၇-ခု ကျွန်တော် ဩစတေးလျနိုင်ငံ ကွင်းစလန် တက္ကသိုလ် (The University of Queensland - UQ, Australia) တွင်မဟာစိုက်ပျိုးရေးသိပ္ပံ သင်တန်းတက်ရောက်နေစဉ်က ရူပဗေဒ အထူးပြု ဘာသာ (Physics Major) သင်ကြားနေသော ကျောင်းသား တစ်ဦးမှ သာမန်ဘာသာ (Minor Subject) တစ်ဘာသာကို သမိုင်းကို သွားရောက်တွဲဖက်ယူပါသည်၊ သူ့ကို မေးကြည့်ရာ ရူပဗေဒ ဘာသာ၏ သမိုင်းကြောင်း (History of Physics) ကို သုတေသနပြုလေ့လာလို၍ ဟုပြောပါသည်၊ ကွင်းစလန် တက္ကသိုလ်မှာ လွန်ခဲ့သော နှစ်ပေါင်း ၄၀-လောက် ကတည်းက ဤစနစ် (Semester-Credit Hours System) ကို အသုံးပြုနေပါပြီ၊ ကျွန်တော်တို့ နိုင်ငံတက္ကသိုလ်များတွင် တော့ ယနေ့ အချိန်အထိ သိပ္ပံ နှင့် ဝိဇ္ဇာ ဘာသာများ တွဲဖက်ယူ၍ မရသေးဟု ထင်ပါသည်။

ကျွန်တော်သည်ပင် စိုက်ပျိုးရေး အထူးပြု ဘာသာရပ်များအပြင် ရုက္ခဗေဒဌာနမှ အပင် ဇီဝကမ္မဗေဒ (Plant Physiology) နှင့် ဆက်စပ်သောဘာသာရပ်များ၊ စာရင်းအင်းပညာ ရှင်များ သင်ကြားပေး သော ဇီဝ ဆိုင်ရာ စာရင်းအင်း ပညာ (Biometrics) တို့ကို ကြိုးကြပ် ဆရာနှင့်တိုင်ပင်၍ ကျွန်တော် ကြိုက်နှစ်သက်ရာ ဘာသာရပ်များကို တွဲဖက်သင်ယူခဲ့ရပါသည်။ ဆရာကြီး ဦးညွှန့်ရွှေကလည်း မြေဆီလွှာသိပ္ပံပညာ (Soil Science) အတွက် လိုအပ်သော သာမန်ဘာသာ ဘူမိဗေဒ (Geology) ကို ဘူမိဗေဒ ဌာနတွင် သွားရောက်သင်ကြားနိုင်သော အခွင့်အရေးများ အားသာချက်ရှိပါသည်၊

ယခု ၂၁-ရာစုနှစ် အတွက် လိုအပ်လျက်ရှိနေသော အဖွဲ့လိုက်စုပေါင်းဆောင်ရွက်နိုင်မှု စွမ်းရည် (Teamwork/ Collaboration Skill)၊ အတွေးအခေါ်/ ပြဿနာ ဖြေရှင်းနိုင်မှု စွမ်းရည် (Critical Thinking/ Problem Solving Skill)၊ တင်ပြနိုင်စွမ်းရည် (Presentation/Oral Communication Skill) သတင်းအချက် အလက်နှင့် နည်းပညာ စွမ်းရည် (ICT – Information and Communication Technology Skill)၊ ခေါင်းဆောင် နိုင်မှုစွမ်းရည် (Leadership Skill)၊ တီထွင်နိုင်စွမ်းရည် (Creativity/Innovation Skill)၊ ရာသက်ပန် သင်ယူနိုင်မှု (Lifelong Learning Skill)၊ သတင်းအချက်အလက် လေ့လာ ရေးပညာ (Journalism/Report Writing Skill)၊ ကိုယ်ကျင့်တရား/လူမှုဘဝ တာဝန်ယူနိုင်မှုစွမ်းရည် (Professionalism/Ethics/Social

စာ-၁၅ သို့




## ဆန်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း) တွင်ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၄၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၃၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၁၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၁၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၂၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထ ဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၆၉၀၀၀ ကျပ် နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၆၈၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ငစိန်ဆန်အလတ်စ တစ်တင်းခွဲ တစ်အိတ် လျှင် ၇၂၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၇၁၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ ယခင်ရက်သတ္တပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ဆန်တစ်အိတ်လျှင် ဧည့်မထဆန်တစ်အိတ်လျှင် ၇၀၀၀ ကျပ်ဝန်းကျင်နှင့် ငစိန်ဆန်တစ်အိတ်လျှင် ၁၀၀၀ ကျပ်ခန့် ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဈေးနိမ့်လာခြင်းမှာ အိမ်နီးချင်းနိုင်ငံများ၏ ပို့ကုန်ဆန်ဈေးများနိမ့်လာခြင်းနှင့် ပြည်တွင်း၊ ပြည်ပဝယ်လက်များမှ အရောင်းအဝယ် အေးခြင်း၊ လှောင်လက်များမှ ထုတ်ရောင်းမှုရှိခြင်းတို့ကြောင့် ဖြစ်ကြောင်းသိရသည်။ အထက်ပါ ဆန်ဈေးနှုန်းများမှာ ဆန်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းစေရေး၊ စားသုံးသူပြည်သူများ သက်သာ သောဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်ရေး သိုလှောင်ဈေးကစားမှုများ မဖြစ်ပေါ်စေရေး အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်ကုန်သည်များအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် သတ်မှတ်ထားသော ရည်ညွှန်းဈေးနှုန်းများပင်ဖြစ်သည်။ နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မြို့ကြီးများ၏ လက်လီ ဈေးကွက်များတွင် ရည်ညွှန်းဈေးနှုန်းများထက် ၅ ရာခိုင်နှုန်းခန့်သာ ပိုသောဈေးနှုန်းများဖြင့် လက်လီရောင်းချပေးနိုင်ရန်လည်း စီစဉ်ထားရှိပြီးဖြစ်သည်။ ဆန်ဈေးနှုန်းများအား ရည်ညွှန်းဈေးနှုန်းများသတ်မှတ်ထားခြင်းကြောင့် စပါးဈေးနှုန်းများအား ဈေးချဝယ်ယူမှုများရှိလာပြီး ဆန်နှင့်စပါးဈေးနှုန်းများကျဆင်းလာခြင်း၊ အိန္ဒိယနိုင်ငံ၏ ပြည်ပဆန်တင်ပို့မှု ကန့်သတ်ချက် အားဖြေလျော့လာမည့် အလားအလာ အခြေအနေများကြောင့် ဆန်အရောင်းအဝယ်များ အေးကာ ထိုင်း၊ ဗီယက်နမ်၊ မြန်မာနိုင်ငံ၏ ပို့ကုန်ဆန်ဈေးများလည်း ကျဆင်းလာခြင်းစသည့် အခြေအနေများကြောင့် ပြည်ပတင်ပို့မှုများသော ဧည့်မထနှင့်ငစိန်ဆန် အမျိုးအစားများ သိသာ စွာဈေးနိမ့်လာခြင်းဖြစ်သည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ် ၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု ပုံမှန်ရှိကြောင်းသိရသည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းများအား ထိုင်းနှင့် အိန္ဒိယနိုင်ငံများသို့ အကောက်ခွန်လွတ်တင်သွင်း နိုင်သော ကာလဖြစ်သော်လည်း မိုးရွာသွန်းမှုများကြောင့် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဂိတ် အချို့မှပြောင်းတင်ပို့ရန် ပိုမိုခက်ခဲလာခြင်း၊ ပြည်ပငွေလဲနှုန်းများ မတည်ငြိမ်ခြင်း၊ စက်သုံးဆီ ဈေးနှုန်းများ ဈေးမြင့်နေခြင်း၊ ရေကြီးရေလျှံမှုများရှိခြင်း၊ နယ်မြေမတည်ငြိမ်ခြင်းတို့ကြောင့် သယ်ယူပို့ဆောင်စရိတ်များ ဈေးမြင့်နေခြင်းစသည့် အခြေအနေများကြောင့် အရောင်းအဝယ်အေးကာ အစေ့ထုတ်ပြောင်း ဈေးနှုန်းများဈေးငြိမ်လျက်ရှိသည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာ လျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၇၇၇၆၀ ကျပ်ဖြစ်ပြီး ရက်သတ္တပတ် ၃ ပတ်ခန့်ဈေးငြိမ် လာခဲ့ခြင်းဖြစ်သည်။ ထိုင်း၊ အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ် ဂိတ်အချို့မှ တင်ပို့မှုရှိခဲ့ကြောင်းသိရသည်။

## စားဖိုဆောင်သီးနှံ

ကြက်သွန်နီ(ထူး၊လတ်၊သေး)မှာမိုးရွာသွန်းမှုများကြောင့်ဈေးကွက်သို့ ကုန်အဝင်နည်းလာခြင်း၊ ပြည်ပငွေလဲနှုန်းနှင့် ရွှေဈေးနှုန်းများ ဈေးမြင့်လာခြင်း၊ သယ်ယူပို့ဆောင်စရိတ်များ ဈေးမြင့်နေခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ကြက်သွန်နီ(ထူး၊လတ်၊ သေး) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၁၉၅၀-၁၉၀၀-၁၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ပျမ်းမျှ ဈေးနှုန်းမှာ ၂၃၂၅-၂၁၇၅-၁၈၀၀ ကျပ်သို့ ရောက်ရှိ ဈေးမြင့်ခဲ့သည်။ ရန်ကုန်ဈေးကွက်သို့ ဆိပ်ဖြူ၊ မြင်းခြံ၊ တောင်တွင်း၊ မိတ္ထီလာ၊ မုံရွာ၊ ပခုက္ကူဒေသများမှ ကုန်ဝင်ရောက်မှုရှိကြောင်း သိရသည်။ ကြက် သွန်ဖြူ(ကြူကုတ်)မှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ကုန်အဝင်နည်းခြင်း၊ ဝယ်ဈေးမြင့်ခြင်း၊ သယ်ယူပို့ဆောင်စရိတ်များ ဈေးမြင့်နေခြင်းတို့ကြောင့် ယခင်အပတ်ထက် ဆက်လက်ဈေးမြင့်ခဲ့ပြီး ရှမ်းကြက်သွန် ဖြူများမှာလည်း ကြူကုတ် ကြက်သွန်ဖြူ ဈေးမြင့်နေချိန်တွင် ဝယ်လိုအားများလာခြင်းကြောင့် ဆက်လက်ဈေးမြင့်လာခဲ့ သည်။ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၁၁၄၅၀ ကျပ် ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၂၄၅၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူ(ရှမ်း) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၉၇၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၀၂၅၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ အာလူးဈေးနှုန်းများမှာ ပြည်တွင်းစိုက်ပျိုးထားသော အာလူးများမှာ စိုက်ပျိုးထွက်ရှိမှုနည်းကာ ဈေးကွက်သို့ ကုန်ဝင်ရောက်မှု မရှိသလောက် နည်းခြင်းကြောင့် ဈေးနှုန်းကောက်ခံရရှိခြင်း မရှိခဲ့ပေ။ တရုတ်အာလူးများသာ ဈေးကွက်သို့ ကုန်အဝင်ရှိခြင်း၊ ကုန်အဝင်နည်းခြင်း၊ တင်သွင်းဈေးနှုန်းနှင့် သယ်ယူပို့ဆောင်စရိတ်များ ဈေးမြင့်နေခြင်း၊ စားသုံးသူများမှ ဝယ်လိုအား ပုံမှန်ရှိခြင်းတို့ကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအ ဝယ်ဖြစ်ခဲ့သည်။ တရုတ်အာလူးတစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၄၄၀၀ ကျပ်ဖြစ်သည်။ ငရုတ်ခြောက်(ရှည်၊ လတ်၊ ပွ) ဈေးနှုန်းများမှာ မိုးတွင်းကာလဖြစ်၍ ဈေးကွက်သို့ ကုန်အဝင်နည်းသော်လည်း စားသုံးသူများမှ ဝယ်လိုအားနည်းခြင်းကြောင့် ရောင်းလိုအားဝယ်လိုအားမျှကာ ဈေးငြိမ်လျက်ရှိသည်။ ငရုတ်ခြောက်(ရှည်၊ လတ်၊ ပွ) တစ်ပိဿာလျှင် ယခင်အပတ်နှင့် ယခုအပတ်ဈေးနနှုန်းများမှာ ၄၀၀၀-၈၇၅၀-၁၀၂၅၀ ကျပ် ဖြစ်သည်။ ရန်ကုန်ဈေးကွက်သို့ ပန်းရဲ၊ မြားနီ၊ ပန်းတနော်၊ မိုးထောင်(မြစ်ဝ)၊ ဆင်ဖြူကျွန်း(ပု)၊ မြစ်ဝ(ပု) ငရုတ်များ ကုန်ဝင်ရောက်မှု ရှိကြောင်းသိရသည်။

## စားသုံးဆီ

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သောနိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၄၆၀ ကျပ်ဖြစ်ပြီး ယခင်အပတ်ဈေးနှုန်းမှာ ၅၄၁၅ ကျပ်ဖြစ်သည်။ ယခင်အပတ်ထက် ဆီတစ်ပိဿာလျှင် ၄၅ကျပ် ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ လတ်တလောတွင် ပြည်ပမှ စားအုန်းဆီတင်သွင်းမှုများလည်း လျော့နည်းလျက်ရှိကြောင်းသိရသည်။ ပြည်ပငွေလဲနှုန်းများနှင့် ရွှေဈေးနှုန်းများ ဈေးမြင့်နေ ခြင်း၊ မြေပဲ၊ နှမ်းနှင့်ပဲပုတ်ပဲ၊ နေကြာစသော ဆီထွက်သီးနှံများလည်း ဈေးမြင့်နေခြင်းစသော အခြေအနေများကြောင့် စားသုံးသူများမှ စားအုန်းဆီဝယ်လိုအားမြင့်တက်နေခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသောဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက် များစွာမကွာသော ဈေးနှုန်းဖြင့် စားအုန်းဆီများအား ရောင်းချပေးမှုပမာဏမှာလည်း ယခင်ကာများထက် လျော့နည်းလာကြောင်းသိရသည်။ မေလစတုတ္ထရက်သတ္တပတ်မှ စတင်ကာ စားအုန်းဆီရည်ညွှန်းဈေးနှုန်းများလည်းတဖြည်းဖြည်းဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီဈေးနှုန်း များမှာစားအုန်းဆီတစ်ပိဿာလျှင် ၁၂၀၀၀ ကျပ်ဝန်းကျင်ရှိပြီး ဝယ်ယူရရှိရန်လည်း ခက်ခဲ ကြောင်း သိရသည်။

အေးသန္တာဝင်း

☐

## ဆန်

မန္တလေးဆန်ပွဲရုံများတွင် အရောင်းအဝယ်အေးခြင်း၊ နယ်ဝေးတင်ပို့မှု နည်းခြင်းကြောင့် ရန်ကုန်ပေါ်ဆန်း တစ်အိတ် ၁၃၀၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း တစ်အိတ် ၁၄၅၀၀၀ကျပ် ဖြင့် ဈေးတည်ငြိမ် နေသည်။ မနောသုခဆန်မှာ အသစ်များဝင်ရောက်မှုရှိခြင်း၊ မြို့တွင်းသုံးသာရှိပြီး နယ်ဝေး တင်ပို့ရမှု နည်းခြင်းကြောင့် အသစ်တစ်အိတ် ၉၀၀၀၀ ကျပ်မှ ၈၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး အဟောင်းမှာ လက်ကျန်နည်းခြင်းကြောင့် တစ်အိတ် ၉၈၀၀၀၀ ကျပ်သို့ ဈေးမြင့်နေသည်။ ငစိန်ဆန်မှာ လုပ်ငန်းသုံး ဝယ်ယူမှု ရှိခြင်း၊ ပင်ရင်းဈေးမြင့်ခြင်းကြောင့် ယခင်အပတ် တစ်အိတ် ၇၀၀၀၀ ကျပ်မှ ၇၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ဧယာဆန်မှာ အဝင်ပုံမှန်၊ မြို့တွင်းသုံး ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၉၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဧရာမင်းဆန်မှာ အဝင်ပုံမှန်၊ စားသုံးမှုပုံမှန်ရှိခြင်း၊ နယ်ဝေးတင်ပို့ရမှုမရှိခြင်း၊ အရောင်းအဝယ် အေးခြင်းကြောင့် တစ်အိတ် ၁၃၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဆီထွက်သီးနှံ

မန္တလေးပွဲစား ကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် မြေပဲ (လုံးဆန်) ဈေးနှုန်းမှာ မိုးမြေပဲ မပေါ်သေးခြင်း၊ ဆောင်းမြေပဲလက်ကျန်နည်းခြင်းတို့ကြောင့် မြေပဲ(လုံးဆန်) ၁၀၀ ပိဿာလျှင် အရည်အသွေးအကောင်းဆုံး ၈၀၀၀၀၀ ကျပ်မှ ၈၃၀၀၀၀ ကျပ်သို့လည်းကောင်း၊ မြေပဲ (ဆီဆန်) မှာ ဆီစက်သမား ပုံမှန်ဝယ်ယူမှု ရှိခြင်းကြောင့် ဆီဆံ ၁၀၀ ပိဿာ အရည်အသွေး အကောင်းဆုံး ၇၇၀၀၀၀ ကျပ်မှ ၈၃၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

နှမ်းမျိုးစုံဈေးနှုန်းများအနေဖြင့် မိုးနှမ်းနှင့် ဆောင်းနှမ်းကြား စပ်ကူးမတ်ကူးကာလဖြစ်ခြင်း၊ လုပ်ငန်းသမားနှင့် တရုတ်ဝယ်လက်နည်းခြင်းကြောင့် နှမ်းဖြူ ၄၅ပိဿာ ၃၉၀၀၀၀ ကျပ်ဖြင့် ဈေး တည်ငြိမ်နေပြီး နှမ်းနက်မှာ တရုတ်ဝယ်လက်ရှိခြင်း၊ မိုးနှင့်ဆောင်းကြား စပ်ကူးမတ်ကူး ကာလ ဖြစ်ခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၄၅ ပိဿာ ၄၈၅၀၀၀ ကျပ်မှ ၅၅၀၀၀၀ ကျပ်သို့ ဈေးများစွာ မြင့်သွားသည်။ နှမ်းညိုမှာ မိုးနှမ်းမဝင်သေးခြင်းကြောင့် လက်ကျန် နည်းခြင်း၊ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၄၅ ပိဿာ ၃၂၅၀၀၀ ကျပ်မှ ၃၄၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ဆီဈေးနှုန်းများအနေဖြင့် မြေပဲ(ဆီဆန်)နှင့် နှမ်းညိုဈေးမြင့်သဖြင့် ပဲဆီတစ်ပိဿာ ၁၆၅၀၀၀ကျပ်၊ နှမ်းဆီတစ်ပိဿာ ၁၅၀၀၀ကျပ်၊ နေကြာဆီ တစ်ပိဿာ ၁၅၀၀၀ကျပ်၊ ပဲပုတ်ဆီ တစ်ပိဿာ ၁၀၀၀၀ကျပ်သို့ အသီးသီး ဈေးမြင့်သွားသည်။

ပဲတီစိမ်း (အညာ)မှာ မိုးပဲဝင်ရောက်ချိန် နီးခြင်းကြောင့် လှောင်သမား ထုတ်ရောင်းမှု ရှိခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားခြင်း၊ တရုတ်ဝယ်လက်ရှိခြင်းကြောင့် အရည်အသွေး အနိမ့်ဆုံး ၃တင်းတစ်အိတ် ၁၆၅၀၀၀ကျပ်မှ ၁၇၅၀၀၀ကျပ်သို့လည်းကောင်း၊ အကောင်းဆုံးတစ်အိတ် ၂၀၂၀၀၀ကျပ်မှ ၂၂၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲစဉ်းငုံ (ဖြူ/နီ) တို့မှာ လက်ကျန်နည်းခြင်း၊ အရောင်းအဝယ်ဖြစ်မှု နည်းခြင်းကြောင့် ပဲစဉ်းငုံ(ဖြူ) ၃တင်းတစ်အိတ် ၄၀၅၀၀၀ကျပ်၊ ပဲစဉ်းငုံ (နီ) ၄၂၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲပုတ် (ရှမ်း/ မြန်မာ) တို့မှာ မိုးပဲမဝင်သေးခြင်း၊ ဆောင်းလက်ကျန်နည်းခြင်း လုပ်ငန်းသမား ဝယ်ယူမှု ပုံမှန်ရှိခြင်းကြောင့် ပဲပုတ် (မြန်မာ) ၃တင်းတစ်အိတ် ၂၁၀၀၀၀ကျပ်မှ ၂၄၀၀၀၀ကျပ်သို့ လည်းကောင်း၊ ပဲပုတ် (ရှမ်း) ဆီစက်သမား ဝယ်ယူမှုများခြင်း၊ လက်ကျန်နည်းခြင်းကြောင့် ၃တင်း တစ်အိတ် ၂၂၀၀၀၀ ကျပ်မှ ၂၅၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ကုလားပဲ (လုံးဖြူကြီး)မှာ လှောင်လက်ထံမှ ဝယ်ယူခြင်း၊ လုပ်ငန်းသမား အဝယ်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၂၄၅၀၀၀ကျပ်မှ ၂၅၂၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ကုလားပဲ(လုံးဝါကြီး)မှာလည်း မြို့တွင်းစားသုံးမှုအတွက် ပဲခွဲစက်များ အဝယ်ရှိခြင်းကြောင့် ၁၂၅၀၀၀ ကျပ် မှ ၂၄၈၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ခွဲခြမ်းမှာ လုံးဝါကြီး ဈေးမသိမသာ မြင့်သွားခြင်းကြောင့် အမြင့်ဈေးဖြင့် ဝယ်သူကြိုက်ခွဲရသဖြင့် တစ်ပိဿာ ၅၈၀၀ကျပ်မှ ၅၈၅၀ကျပ်သို့ ဈေးမသိမသာ မြင့်သွားသည်။

ပဲယင်း၊ မြေတောက်ပဲ၊ ပဲလွန်းဖြူ ပြာတို့မှာ အရောင်းအဝယ်အေးခြင်း လက်လီသမား အဝယ် အနည်းငယ်သာရှိခြင်းကြောင့် ပဲယင်း ၃တင်း တစ်အိတ် ၁၃၈၀၀၀ကျပ်၊ မြေတောက်ပဲ ၃၁၀၀၀၀ကျပ်၊ ပဲလွန်းဖြူ ၂၈၅၀၀၀ ကျပ်၊ ပဲလွန်းပြာ ၂၅၀၀၀၀ကျပ်ဖြင့် ဈေး တည်ငြိမ်နေသည်။

စားတော်ပဲ(ကျွန်း) မှာ လက်ကျန်နည်းခြင်း၊ စားတော်ပဲ (ကနေဒါ) ဈေးမြင့်ခြင်း လက်လီ သမားဝယ်ယူမှု ပုံမှန်ရှိခြင်း၊ စားတော်ပဲ(ကနေဒါ/ ယူကရိန်း)တို့ထက် အရည်အသွေးကောင်းခြင်း ကြောင့် ၃တင်းတစ်အိတ် ယခင်အပတ် အရည်အသွေး အကောင်းဆုံးတစ်အိတ် ၂၈၅၀၀၀ကျပ်မှ ယခုအပတ် ၃၁၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲကြီး(ကြီး/သေး)တို့မှာ ဆောင်းလက်ကျန်နည်းခြင်း၊ မိုးပဲမဝင်သေးသော စပ်ကူးမတ်ကူး ကာလဖြစ်ခြင်း၊ လုပ်ငန်းသမားအဝယ်ရှိခြင်းကြောင့် ပဲကြီး(ကြီး) ၂၇၅၀၀၀ကျပ်မှ ၂၈၀၀၀၀ ကျပ် သို့လည်း ဈေးမြင့်သွားပြီး ပဲကြီး (သေး) မှာ အရောင်းအဝယ်အေးခြင်းကြောင့် ၃တင်းတစ်အိတ် ၂၃၀၀၀၀ ကျပ်မှ ၂၂၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။




## စားဖိုဆောင်သီးနှံ

မန္တလေးကိုင်းတန်းဈေးကွင် မြစ်သား၊ မုံရွာ၊ မြင်းခြံနယ်စုံမှ အသစ်ဝင်ရောက်မှုနည်းသော်လည်း လမ်းပမ်းဆက်သွယ်ရေး မကောင်းသဖြင့် နယ်ဝေး တင်ပို့ရမှု မရှိခြင်း၊ မြို့တွင်းသုံးဝယ်ယူမှုနည်းခြင်းကြောင့် ကြက်သွန်နီကြီးတစ်ပိဿာ ၂၃၀၀ကျပ်မှ ၂၂၀၀ကျပ်၊ လတ် တစ်ပိဿာ ၂၀၀၀ကျပ်၊ သေးတစ်ပိဿာ ၁၈၀၀ကျပ်မှ ၁၇၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။

ကြက်သွန်ဖြူ(တရုတ်)မှာလည်းလမ်းပမ်းဆက်သွယ်ရေးမကောင်းခြင်းကြောင့် အဝင်နည်းသော်လည်း မြို့တွင်းသုံးဝယ်ယူမှုနည်းခြင်း၊ နယ်ဝေးတင်ပို့ရမှု မရှိခြင်းကြောင့် တစ်ပိဿာ ၁၃၀၀၀ကျပ် မှ ၁၂၅၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ လက်ကျန် အရည်အသွေး ပေါ်မူတည်၍ အကောင်းဆုံးတစ်ပိဿာ ၁၀၅၀၀ကျပ်၊ အညံ့ဆုံး တစ်ပိဿာ ၉၀၀၀ကျပ်ဖြင့် မြို့တွင်းသုံး ဝယ်ယူမှုသာ ရှိသည်။

အာလူးဈေးနှုန်းအနေဖြင့် တရုတ်အာလူးနှင့် အောင်ပန်းအာလူး နှစ်မျိုးလုံး ဝင်ရောက်မှုရှိပြီး အရည်အသွေးကောင်းသောကြောင့် တရုတ်အာလူးတစ်ပိဿာ ၃၆၀၀ကျပ်၊ အောင်ပန်းအာလူး အိုကေတစ်ပိဿာ ၃၈၀၀၊ အေဝမ်းတစ်ပိဿာ ၃၃၀၀ကျပ်ဖြင့် မြို့တွင်း သုံးရောင်းဝယ်မှုသာရှိသည်။

## ပဲမျိုးစုံ

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် မတ်ပဲမှာ ရန်ကုန် ဝယ်လက် နှင့် ပဲခွဲစက်များ အဝယ်နည်းသော်လည်း အဝင်နည်းသွားခြင်း၊ ရေသွင်းပဲများလည်း ဝင်ရောက်မှု ရှိခြင်းကြောင့် ၃တင်း တစ်အိတ် ၃၀၀၀၀၀ကျပ် ရေသွင်းပဲ ၂၅၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ

မန္တလေးသီရိမာလာဈေးတွင် ခရမ်းချဉ် (ရှမ်းတောင်အင်းသီး)နှင့် ရွှာငံသီး နှစ်မျိုးလုံး ဝင်ရောက်ခြင်းကြောင့် အင်းသီး ၂၀ပိဿာ တစ်သေတ္တာ ၈၀၀၀၀ကျပ်မှ ၇၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး ရွှာငံသီးမှာ ၂၀ပိဿာ တစ်သေတ္တာလျှင် အရည်သွေးပေါ် မူတည်၍ ၅၀၀၀၀ကျပ်မှ ၆၀၀၀၀ကျပ်ဈေး ရှိသည်။ ငရုတ်စို(ရှည်နှင့်လတ်)မှာ တပ်ကုန်း၊ သာစည်တို့မှ ဝင်ရောက်ပြီး ငရုတ်စို (ရှည်) တစ်ပိဿာ ၄၀၀၀ကျပ်၊ ငရုတ်စို (လတ်) တစ်ပိဿာ ၈၀၀၀ ကျပ်ထိဈေးဖြင့် တည်ငြိမ်နေသည်။

ပြင်ဦးလွင်မှ ဂေါ်ဖီထုပ်များ အဝင်နည်းပြီး အရည်အသွေး မသိမသာနိမ့်သွားသဖြင့် တစ်ထုပ် ၁၅၀၀ကျပ်၊ ခရမ်းသီးတစ်ပိဿာ ၅၀၀ကျပ်၊ ဘိုစားပဲသီး တစ်ပိဿာ ၂၁၀၀ ကျပ်ဖြင့် ရောင်းဝယ် နေကြသည်။ အောင်ပန်းမှ ပန်းမုံလာများလည်း ဝင်ရောက်မှုများခြင်းကြောင့် တစ်ပွင့် ၅၀၀ကျပ်ထိ ဈေးနိမ့်သွားသည်။ ပြင်ဦးလွင် မုံလာနီတစ်ပိဿာ ၄၀၀၀ကျပ်၊ မုန့်ညှင်းတစ်အိတ် ၈၀၀၀ကျပ်၊ ပြောင်းဖူး ၁၂၀ပါ အိတ်တစ်လုံး ၂၀၀၀၀ကျပ်မှ ၂၅၀၀၀ကျပ်ဖြင့် ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထီလာ၊ တောင်ငူ၊ စစ်ကိုင်း၊ တံတားဦး အမှာရှိသော မြို့များသို့ တင်ပို့မှုရှိသည်။

သစ်သီးဝလံများအနေဖြင့် ဖရဲသီးများ အဝင်များပြီး အရည်အသွေးပေါ်မူတည်၍ တစ်လုံး ၁၀၀၀ မှ ၂၅၀၀ကျပ်၊ သခွားမွှေး ၄လုံးတစ်ဖာ ၁၅၀၀၀ကျပ်ဖြင့် မန္တလေးဝန်းကျင် အမှာရှိသောမြို့များသို့ တင်ပို့သည်။ ပြင်ဦးလွင်မှ နာနတ်သီးများ အဝင်များသော်လည်း အရည်အသွေးကောင်းခြင်း၊ မြို့တွင်းလက်လီနှင့်မန္တလေးဝန်း ကျင် မှ ဝယ်ယူမှုရှိသဖြင့် တစ်လုံးလျှင်

စာ-၁၅ သို့

# သဘာဝကပေးအစာနှင့်ဆေး

ကြေးမုံငယ်

## ကြိတ်မှန်



ယခုလို မိုးရာသီတွင် ရွှံ့နွံစိမ့်စမ်း၊ ရေမြောင်း၊ ရေကန်နံဘေးတို့တွင် ကြိတ်မှန်ပင်များစိမ်းညို့နေအောင် သဘာဝအလျောက် ပေါက်လာကြ၏။ ကြိတ်မှန်ဟု ဆိုလိုက်လျှင် ဆံကေသာကို သဘာဝအတိုင်း နက်မှောင် သန်စွမ်းစေနိုင်သည့်ဘုရင် (King of hairs) ဟု လူသိများကြ၏။ သဘာဝအတိုင်း အမာရွတ်ပျောက်ဆေးဟုလည်း လူသိများကြ၏။

ကြိတ်မှန်တွင် ပန်းပွင့်အဖြူရောင်ပွင့်တတ်သည့် အမျိုးနှင့် အဝါရောင်ပန်းပွင့် ပွင့်သည့်အမျိုးဟူ၍ နှစ်မျိုးရှိ၏။ ယခုဆောင်းပါးတွင် အဖြူရောင်ပွင့်သည့် ကြိတ်မှန်ပင်အကြောင်းကို ဖော်ပြသွားမည်ဖြစ်၏။ ကြိတ်မှန်ပင်၏ အင်္ဂလိပ်အမည်မှာ Eclipta, tattoo plant, White Eclipta, White twin heads, false daisy နှင့် white heads ဟု ခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Eclipta alba ဟု ခေါ်ဆိုကြသကဲ့သို့ Eclipta prostrata ဟုလည်း ခေါ်ဆိုကြကာ နေကြာပန်းနှင့် မျိုးရင်းတူသည့် Asteraceae တွင်ပါဝင်၏။ ကြိတ်မှန်ပင်သည် ကမ္ဘာအနှံ့ရှိ သမနွေးပိုင်းနှင့်အပူပိုင်းရာသီဥတုရှိသည့် စိုစွတ်သောဒေသများတွင် အ



လေ့ကျ ကျယ်ကျယ်ပြန့်ပြန့် ပေါက်ရောက်သည့် အပင်မျိုး ဖြစ်၏။ အထူးသဖြင့် အိန္ဒိယ၊ နီပေါလ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဘရာဇီးလ်နိုင်ငံတို့တွင် ပေါက်ရောက်ဖြစ်ထွန်း၏။ များသော အားဖြင့် ကြိတ်မှန်ပင်ကို စပါးစိုက်ခင်းများအကြားတွင် ပေါက်ရောက်တတ်သည့် ပေါင်းပင်အဖြစ်သတ်မှတ်ထားသော်လည်း ယင်း၏ ဆေးဖက်ဝင်မှုကြောင့် သဘာဝပရဆေးပင်အဖြစ် ယနေ့တိုင်အသုံးပြုနေကြခြင်းဖြစ်၏။

ကြိတ်မှန်ပင်သည် တစ်နှစ်ခံပင်ပျော့ပင်ငယ်တစ်မျိုးဖြစ်ပြီး အမြင့် ၁၈ လက်မ ကျော်ထိ ရှင်သန်ကြီးထွားနိုင်၏။ ခရမ်းရောင်ရှိသည့် ပင်စည်ရိုးတံပေါ်တွင် အဖြူရောင်အမွေးနုလေးများရှိ၏။ကြိတ်မှန်ရွက်မှာ ရွက်ထိပ် ချွန်၍ ရွက်ရင်းသွယ်၏။ ရွက်ဆိုင်ထွက်ပြီး ရွက်ညှာအလွန်တိုသည်။ အရွက်၏ အပေါ်အောက်မျက်နှာပြင် ၂ ခုလုံးတွင် အလွန်သေးငယ်သော အမွေးနုလေးများရှိသည်။ ရွက်နားပတ်လည်တွင် ခွေးသွားစိပ်ကလေးများ ရှိ၏။ ပန်းပွင့်ပုံမှာ ပန်းခိုင်ထိပ်တွင် တစ်ပွင့်တည်းကဲ့သို့ ဖြစ်နေ၏။ ပန်းပွင့်မှာ ခေါင်းလောင်းပုံသဏ္ဌာန်ဖြစ်၍အဖြူရောင်သို့မဟုတ် အဝါရောင် ရှိသည်။ ပွင့်ခံရွက်ကြီး၍ ထင်ရှား၏။ အမြစ်မှာ မီးခိုးရောင်ရှိ၏။

ကြိတ်မှန်ပင်တွင် ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ အိုင်းယွန်း၊ ပရိုတင်း၊ ဗီတာမင်ဒီနှင့် ဗီတာမင်အီးတို့ ကြွယ်ဝစွာ ပါဝင်၏။ ကြိတ်မှန်ပင်မှထုတ်ယူရရှိသည့် အဆီတွင် ပရိုတင်းနှင့် အယ်လ်ကာလွိုက်တို့ ပါဝင်၏။ ကြိတ်မှန်ပင်တွင် ခာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ ဗိုင်းရပ်စ်ပိုးများကို သေစေနိုင်စွမ်း၊ ဘက်တီးရီးယားများကို တိုက်ဖျက်နိုင်စွမ်း၊ အနာကြီး ရောဂါကို ဟန့်တားနိုင်စွမ်း၊ အကိုက်အခဲပျောက်စေနိုင်စွမ်းတို့ရှိ၏။

ကြိတ်မှန်ပင်၏ အရွက်၊ အညွန့်၊ အဖူး၊ အပွင့်၊ ပင်စည်၊ အမြစ် အစရှိသည့်အစိတ်အပိုင်းအားလုံးကို ဆေးဖက်ဝင်အဖြစ် အသုံးပြုကြ၏။

အရှေ့တောင်အာရှနိုင်ငံများတွင် ကြိတ်မှန်ပင်တစ်ပင်လုံးကိုအခြောက်ခံပြီး ရိုးရာတိုင်းရင်းဆေး ဝါးအဖြစ် ဖော်စပ်အသုံးပြုကြ၏။ ကြိတ်မှန်ပင်၏အစိတ်အပိုင်းများကို အုန်းဆီနှင့်ရော အပူပေးပြီး ကြိတ်မှန်ဆီထုတ်လုပ်ပြီး ဆံကေသာဆိုးဆေးအဖြစ်လည်းကောင်း၊ ဆေးမင်ကြောင်ထိုးသည့်ဆေးအဖြစ်လည်းကောင်း အသုံးပြုခဲ့ကြ၏။

- ကြိတ်မှန်တစ်ပင်လုံး၏ ပြုတ်ရည်ကို အစာလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးပြဿနာများ၊ လေပွန်ရောင်ခြင်း၊ ချောင်းဆိုးရင်ကြပ်ဖြစ်ခြင်း၊ အအေးမိခြင်းဝေဒနာများ၊ သွေးဖိအားတိုးခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းနှင့် ဝမ်းကိုက်ခြင်းတို့ အတွက် ဆေးအဖြစ် အသုံးပြုကြ၏။

- ကြိတ်မှန်တစ်ပင်လုံးကို အခြောက်လှန်း၊ ပြာချပြီး ပျားရည်နှင့် ရောစပ်သောက်သုံးခြင်းဖြင့် ပန်းနာရင်ကျပ် ဝေဒနာကို သက်သာစေနိုင်၏။

- ကြိတ်မှန်တစ်ပင်လုံးကို ကြိတ်ပြီးရရှိလာသည့်အနှစ်ကို အပူလောင်နာများ၊ နှင်းခူနာအပါအဝင် အရေပြား ပေါ်တွင်ဖြစ်ပွားတတ်သည့် ယားနာရောဂါများအတွက် အုံဆေးအဖြစ် အသုံးပြုကြ၏။

- ကြိတ်မှန်ရွက်ပြုတ်ရည်ကို သောက်သုံးပေးခြင်းဖြင့် ကိုယ် ခန္ဓာနာကျင်ကိုက်ခဲခြင်းမှ သက်သာစေနိုင်၏။ ကြိတ်မှန်ရွက်မှထုတ်ယူရရှိထားသည့်အဆီအနှစ်ကို ပျား ရည်နှင့် ရောစပ်သောက်သုံးပေးခြင်းဖြင့် အသည်းရောင် အသားဝါရောဂါကို သက်သာစေနိုင်၏။ ကြိတ်မှန်ရွက်ကြိတ်ရည်ကို နွားနို့နှင့်အတူ ရောစပ်ပြီး တစ်ရက်လျှင် နှစ်ကြိမ်သောက်သုံးပေးခြင်းဖြင့် ဝက်ခြံပေါက်ခြင်းကို သက်သာစေနိုင်၏။

- ဝမ်းချုပ်ပါက ကြိတ်မှန်အမြစ်ကို အခြောက်လှန်း၊ အမှုန့်ပြုလုပ်ပြီး သောက်သုံးပေးနိုင်၏။

- ကြိတ်မှန်ပင်မှ အန်စေသောဆေး၊ ပိုးသတ်ဆေး၊ အဖျားဖြတ်ဆေး၊ ခွန်အားတိုးဆေး၊ သည်းခြေအားကောင်းဆေး တို့အဖြစ် ထုတ်လုပ် အသုံးပြုကြ၏။

- ကြိတ်မှန်ပင်မှရရှိသည့် ကြိတ်ရည်ကို သွေးအားနည်းရောဂါ၊ နာစေး ချောင်းဆိုးဖြစ်ခြင်းဝေဒနာ တို့အတွက် ဆေးအဖြစ် အသုံးပြုကြ၏။

- ကြိတ်မှန်ပင်ကို ဆံကေသာ ကျန်းမာသန်စွမ်းစေရန်အတွက်လည်းကောင်း၊ ဦးရေပြားအားတိုးဆေးအဖြစ် လည်းကောင်း အသုံးပြုကြ၏။

- ထိခိုက်ဒဏ်ရာရပြီးဖြစ်စေ၊ အပူလောင်နာဖြစ်ပြီးဖြစ်စေ အမာရွတ်မကျန်နေစေရန်အတွက် ကြိတ်မှန်ရွက်ကို ခြေပြီး အမာရွတ်ပေါ်တွင် လိမ်းပေးနိုင်၏။

- အုန်းဆီ သို့မဟုတ် နှမ်းဆီ နှင့်အတူ ကြိတ်မှန်ပင်ကို ရောစပ်ကျိုချက်ပြီး ဆံကေသာတွင် လိမ်းကျံပေးခြင်းဖြင့် နက်မှောင်တောက်ပြောင်သော ဆံကေသာအလှပိုင်ရှင်ဖြစ်စေ၏။

ကြိတ်မှန်ပင်၏အညွန့်အရွက်အကိုင်းနုလေးများကို ဟင်းသီးဟင်းရွက်အဖြစ်လည်း ပြင်ဆင်ချက်ပြုတ်စားသောက်တတ်ကြ၏။

- သန့်စင်ဆေးကြောပြီးသား ကြိတ်မှန်အညွန့်အရွက်အကိုင်းနုလေးများကို အစိမ်းအတိုင်းဖြစ်စေ၊ ရေနွေးဖျောပြီး ဖြစ်စေ ငါးပိရည်ကျို၊ ငါးပိထောင်း၊ ငါးပိသုပ်၊ ငံပြာရည်ချက်၊ ခရမ်းချဉ်သီးထောင်း၊ သရက်သီးထောင်း၊ ငရုတ်သီး ထောင်း အစရှိသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြစ် စားသုံးတတ်ကြ၏။

- ရေနွေးဖျောထားသည့် ကြိတ်မှန်အညွန့်အရွက်အကိုင်းနုလေးများကို ပါးပါးလှီးပြီးနောက် ပါးပါးလှီးထားသော ကြက်သွန်နီ၊ ဆား၊ ငံပြာရည်၊ ဟင်းခပ်မှုန့်အနည်းငယ်၊ ပုစွန်ခြောက်မှုန့်၊ ပဲကျက်မှုန့်၊ မြေပဲဆံထောင်း၊ ကြက်သွန်နီဆီချက်၊ သံပရာရည်ညှစ်ပြီး သမအောင် ရောနယ်ပေးပါ။ အနံ့အရသာနှင့် ပြည့်စုံပြီး ဆေးဖက်ဝင်လှသည့် ရာသီစာ ကြိတ်မှန်ရွက်သုပ်လေး ရပါပြီ။

- ကြိတ်မှန်အညွန့်အရွက်အကိုင်းနုလေးများကို လိုအပ်သလိုလှီးဖြတ်ပြီးနောက် မုန့်နှစ်ရည်လူးကာ တန်ပူရာ ကြော်စားလျှင်လည်း ကောင်း၏။ မန်ကျည်းနှစ်အချဉ်လေးနှင့် တွဲဖက်စားသုံးလျှင်အလွန်ခံတွင်းမြိန်စေ၏။

- ကြိတ်မှန်အညွန့်ရွက်နုဖူးလေးများကို ကြက်သွန်ဖြူခေါက်ရိုက်ဆီသတ်ပြီး ကြော်စားလျှင်လည်း ကောင်း၏။

- နို့တိုက်မိခင်များအတွက် ကြက်ရိုးပြုတ်ရည် သို့မဟုတ် ငါးမီးအုံး ဟင်းခါးရည်ချက်ပြီး ကြိတ်မှန်ရွက်ညွန့်ကို ဟင်းချိုခပ်ပြီး သောက်သုံးပေးလျှင် သဘာဝအတိုင်း မိခင်နို့လိုင်ဆေးအဖြစ် အသုံးပြုနိုင်၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ကြိတ်မှန်ပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသ အလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

**ကြေးမုံငယ်**



# လပွတ္တာတွင် ကောက်စိုက်စက် လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ



လပွတ္တာ ဇူလိုင် ၂၄

ဧရာဝတီတိုင်းဒေသကြီး ၊ လပွတ္တာမြို့နယ် ၊ ညောင်လိန်ကျေးရွာအုပ်စု ၊ ရှမ်းစုကျေးရွာရှိ စနစ်ကျလယ်ယာမြေ ဧက ၁၀၀ ကွင်းရှိ ကွင်းအမှတ် ၅၈၂ တောင်သူဒေါ်စိမ်းတင်၏ လယ်မြေတွင် အမှတ်(၉၇) စက်မှုလယ်ယာစခန်း ၊ လပွတ္တာမြို့မှ Kubota လူစီး ၆ တန်းသွား ကောက်စိုက်စက် ၂ စီး၊ လက်ဆွဲကောက်စိုက်စက် ၂ စီးတို့ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းအစိုးရအဖွဲ့ဝင်ဝန်ကြီးများ ၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ လပွတ္တာခရိုင် စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ လပွတ္တာမြို့နယ် စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူ ၅၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**AMD**



စာ-၁၁ မှ

Responsibility Skill) စသည် တို့ကို နိုင်ငံတကာတက္ကသိုလ်များကဲ့သို့ စိတ်ကြိုက် ဘာသာ တွဲ အဖြစ် တက္ကသိုလ်များတွင် ဤစနစ်ပုံစံ ကျင့်သုံးပေးနိုင်ပါက အနာဂါတ်ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ အတွေးအခေါ် ရင့်ကျက်လာပြီး ဘာသာရပ်၊ နယ်ပယ် အသီးသီးတွင် ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာနိုင်ပါသည်။

**ဤ ကက်ဆက်ဆပ်တက္ကသိုလ်မှ ကျွန်တော်တို့နိုင်ငံ စိုက်ပျိုး မွေးမြူ သစ်တော တက္ကသိုလ်များ အတွက် အတုယူစရာများ**

(၁) ဤတက္ကသိုလ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ် (Autonomous University) ဖြစ်ပြီး ဗဟိုမှ ထိန်းချုပ်သည့်စနစ် (Centralized-Control System) နည်းပါးပြီး တက္ကသိုလ်ကောင်စီက ပါမောက္ခချုပ်နှင့် သင်ကြား၊ စီမံခန့်ခွဲရေး အဖွဲ့နေ့စဉ် ဆောင်ရွက်နေသည် များကို တစ်လတစ်ကြိမ် စိစစ်၊ ကြပ်မတ်၊ စစ်ဆေးပေးလျက်ရှိနေပါသည်၊

(၂) ဘာသာရပ်များစွာ တက္ကသိုလ်တစ်ခုထဲမှာရှိပြီး စိုက်ပျိုး၊ မွေးမြူရေးဘာသာများ အပြင်၊ အင်ဂျင်နီယာ၊ ပညာရေး၊ သစ်တော၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေးနှင့် အားကစားသိပ္ပံ စသည်ဖြင့် ဘာသာရပ်များစွာ ရှိပါသည်၊ ဆေးနှင့် ဆေးသိပ္ပံဘာသာရပ်များတော့ မရှိပါ၊ ဘာသာရပ်များစွာရှိ၍ ခရက်ဒစ်၊ သင်ရိုးနာရီ စနစ်အရ တစ်ချို့ အပို၊ သာမန်ဘာသာရပ်တစ်ချို့ (Minor/Companion Courses/ Subjects) (သို့မဟုတ်) စိတ်ဝင်စား၍ သုတေသနကို အထောက်အကူပြု ဘာသာများ (Cognitive Subjects/ Courses) ကို တွဲဖက်သင်ယူနိုင်ပါသည်။ ထိုင်းနိုင်ငံတွင် စိုက်ပျိုး၊ မွေးမြူရေး ပညာရပ်များကို သင်ကြားပေးနေသော တက္ကသိုလ်များမှာ ကက်ဆပ်ဆတ်စ် တက္ကသိုလ် အပါအဝင် ချင်းမိုင် (Chiang Mai University)၊ ခုံခန်း (Khon Kaen University)၊ မေဂျိုတက္ကသိုလ် (Maejo University) အူဘွန်တက္ကသိုလ် (Ubon Ratchathani University) စသည်ဖြင့် တစ်နိုင်ငံလုံး တက္ကသိုလ်ပေါင်း ၁၅ ခု မက ရှိပါသည်။

(၃) ဘန်ကင်နဲ့ကင်ပင်ဆန်နယ်မြေ နှစ်ခုမှာ ဘန်ကောက်မြို့ထဲ ၈၀-ကီလိုမီတာ လောက်ဘဲဝေးပြီး ကျောင်းသား၊ ကျောင်းသူများ အခမဲ့ လွန်းပြန် ဘတ်စကားများ (Shuttle Buses) ပြေးဆွဲပေးနေ၍ သုတေသန၊ သင်ကြားရေးကိစ္စများကို နေ့ချင်းပြန် သွားရောက်၊ သင်ယူ သုတေသနပြုနိုင်ပါသည် (ကွင်းစလန် တက္ကသိုလ်၊ စိန့်လူးရှား နယ်မြေနှင့် ဂက်တန်နယ်မြေတို့ အပြန်အလှန်သွားရောက်နိုင်သလိုဖြစ်ပါသည်၊ ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနမှ ဒေါက်တာဥမ္မာမြင့် သည် စိန့်လူးရှား (St. Lucia- Main Campus) တွင်နေပြီး ဂက်တန် (Gatton Campus) တွင် နေ့စဉ် သုတေသနပြုလုပ်ကာ ပါရဂူဘွဲ့ ယူခဲ့ခြင်း ဖြစ်ပါသည်။

ဂျာမဏီနိုင်ငံတွင်လည်း ကက်ဆယ် (Kassel) နှင့် ဂူတန်ဂန် မြို့ (Goettingen) တို့ တစ်နာရီ တစ်ကြိမ် လွန်းပြန်ရထားထွက် ပေးနေရာ တက္ကသိုလ်ကျောင်းသား လက်မှတ်နှင့် တက္ကသိုလ် ၂-ခု မီးရထားအပြန်အလှန်အလကားစီးရင်း လွယ်ကူစွာ သင်ကြား၊ သင်ယူ၊ သုတေသနပြုလျှက် ရှိနေပါသည်။ အထူးသဖြင့် စာကြည့်တိုက်များကို ကောင်းစွာ အသုံးချနိုင်ပါသည်။ နောင်တစ်ချိန်တွင် ဤစနစ်ကဲ့သို့ ရေဆင်းတက္ကသိုလ်များနှင့် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံ (နောင်တစ်ချိန် စိုက်ပျိုးရေးကောလိပ်)၊ နေပြည်တော်ရှိတက္ကသိုလ်များ မှ သင်ကြား ပေးလျက်ရှိသော ဘာသာရပ်ပေါင်းစုံကို အပြန်အလှန် သင်ကြား၊ သင်ယူ၊ သုတေသန ပြုနိုင်ပါလိမ့်မည်၊ စိတ်ကူးယဉ်ကြည့်ခြင်း ဖြစ်ပါသည်။

(ဩစတေးလျှနိုင်ငံ ကွင်းစလန်တက္ကသိုလ် (UQ – The University of Queensland) နှင့် ၁၈၉၇-ခုနှစ်က တဲကဖွင့်လှစ်ခဲ့သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်သော ဂက်တန်စိုက်ပျိုး၊ မွေးမြူရေး သိပ္ပံ/ကောလိပ် နှစ်ပေါင်း-၁၂၇ နှစ် အကြာ သမိုင်းဝင် ကျောင်းကြီး (Gatton Agricultural College) သည် နိုင်ငံ၏ လိုအပ်ချက်အရ ပေါင်းစည်းသွားခဲ့ရပါသည်)။

ကျွန်တော်တို့ ခြေလှမ်းပေါင်းများစွာ အပြေးလိုက်ရပါဦးမည်။ စိတ်ဓာတ်ကျစရာမလိုပါ။ နောင်တစ်ချိန်ဟို အရင် ၁၉၆၂-ခုနှစ်မတိုင်မီ ထိုင်း၊ မလေးရှားမှ ကျောင်းသားများ ရန်ကုန်တက္ကသိုလ်သို့ လာရောက်သင်ကြားခဲ့ရသလို ပြန်ဖြစ်အောင် ကျွန်တော်တို့ ကြိုးစားရပါမည်။ တစ်ဦးတစ်ယောက်အားနှင့် ယူသော်မရ၊ စုပေါင်းအားနှင့် ယူပါက မလွဲမသွေ ရောက်ရှိလာပါမည်။

(ဆက်လက်ဖော်ပြပါမည်)

စာ-၁၃ မှ

၁၀၀၀ ကျပ်မှ ၁၂၀၀ ကျပ်ထိ ဈေးမြင့်နေသည်။

**ဂျုံနှင့် အစေ့ထုတ်ပြောင်း**

မန္တလေးပွဲစားကုန်သည် စက် ပိုင်ကထိန်တော်အသင်းတွင် ဂျုံလက်ကျန်နည်းသွားသော်လည်းအရောင်းအဝယ်အေးခြင်း၊ ဂျုံစက်များအဝယ်နည်းခြင်းကြောင့် ငါန်းဖွန်၊ မြင်းမူ၊ မြောင်၊ ဆားတောင်၊ ဘုတလင်၊ မုံရွာဂျုံများ လဆန်းပိုင်းတွင် ၃တင်း တစ်အိတ် ၁၈၅၀၀၀ကျပ်မှ ၁၇၅၀၀၀ ကျပ် သို့ ဈေးနိမ့်သွားပြီး ရှမ်းဂျုံမှာ ၃တင်း တစ်အိတ် ၁၇၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဩစတေးလျ ဂျုံမှုန့်မှာအဝင်ပုံမှန်ရှိခြင်း၊ လက်လီသမား အဝယ်များခြင်းကြောင့် တစ်ပိဿာလျှင် အရည်အသွေးပေါ်မူတည်၍ ၃၃၀၀ကျပ်မှ ၃၅၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ လက်ကျန်နည်းပြီး လှောင်သမားထံမှ ဝယ်ရခြင်း၊ အစာစပ်သမားများ ဝယ်ယူမှုရှိခြင်းကြောင့် ယခင်အပတ် ၃တင်း တစ်အိတ် ၇၀၀၀၀ ကျပ် မှ ၇၃၀၀၀ ကျပ် ထိ ဈေး မြင့်သွားသည်။

**ခင်မေကြည်**

စာ-၆ မှ

တက်မှုများ ဆက်တိုက်ဖြစ်ပေါ်နေခြင်းနှင့် ပြီးပြည့်စုံသော ထောက်ပံ့ရေးနှင့် စက်မှုလုပ်ငန်းကွင်းဆက်များသည် ၎င်း၏ကုန်ထုတ်လုပ်မှုစွမ်းအားကို အား ကောင်းစေပြီး ပို့ကုန်လုပ်ငန်းရှင်များ အား နိုင်ငံတကာ ဈေးကွက်များတွင် အားသာချက်များ ရရှိစေခဲ့သည်ဟု လေ့လာသူများကပြောကြားခဲ့သည်။

ကုန်သွယ်မှုကာကွယ်ရေးဝါဒ မြင့်တက်လာသည်နှင့်အမျှ ကျွမ်းကျင်သူများက ၎င်း၏ အကျိုး သက်ရောက်မှုကို အနီးကပ်စောင့်ကြည့်ရန် တောင်းဆိုခဲ့ပြီး အလယ်အလတ်ကုန်စည်များ ကုန်သွယ် မှုကို တိုးချဲ့ရန်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးကို မြှင့်တင်ရန် ပိုမိုကြိုးပမ်းအားထုတ်ရန်လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်ဟု သိရှိရပါသည်။

**ကေခိုင်ကျော်**

https://english.news.cn/

# ထူးချွန်ကျောင်းသားမွေးထုတ်ဖို့ မိဘ ဆရာ ကျောင်းသား ပူးပေါင်းစို့



## မောင်အောင်

"ကို အောင်ရေ ငါ့ညီဆီဖုန်းဆက်ရတာလည်း မလွယ်ပါလားကွာ။ ရုံးပိတ်ရက်စနေ၊ တနင်္ဂနွေတောင် ဖုန်းဆက်ဖို့မလွယ်ဘူး။ ပြီးခဲ့တဲ့အပတ်က မင်းမှော်ဘီ၊ တိုက်ကြီး၊ ဥက္ကံ၊ သုံးဆယ်၊ သာယာဝတီ၊ ပြည်၊ မကွေး၊ မိတ္ထီလာတွေ သွားထားတော့ ဒီတစ်ပတ် အဝေးခရီး မသွားဘဲ နားမယ်ဆိုလို့ ငါဖုန်းဆက်လိုက်တာ။ ၉ နာရီခွဲ၊ ၁၀ နာရီခွဲ၊ ၁၁ နာရီခွဲ၊ တစ်နာရီစီ ခြားပြီး သုံးခါဆက်တာမရတော့ နားလိုက်တာ။ ရုံးပိတ်ရက်ကြီး မင်းကဘာများလုပ်နေလို့ ငါ့ဖုန်းကို မကိုင်ရတာလဲ။"

သည်နေ့ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ၂၀၂၄ ခုနှစ် ပညာရည်ချွန်ဆုနှင့် ထူးချွန်ဝန်ထမ်းများဆုပေးပွဲ အခမ်းအနားကျင်းပပါသည်။ အခမ်းအနားကို မနက် ၉ နာရီကစ၍ ကျင်းပခြင်းဖြစ်ပါသည်။ အခမ်းအနားစကတည်းက အနှောင့်အယှက်ဖြစ်မည်စိုး၍ ကျွန်တော်ဖုန်းကို အသံပိတ်ထားမိသည်။ နေ့လယ်တစ်နာရီခန့်တွင် အခမ်းအနားပြီး၍ အိမ်ပြန်ရန် ကားပေါ်ရောက်မှ ကျွန်တော်ဖုန်းကို ဖွင့်ကြည့်သည့်အခါ ကျွန်တော့်အစ်ကိုကြီး ထံမှ ဖုန်းသုံးကြိမ်ဆက်ထားကြောင်းတွေ့၍ ကျွန်တော်ပြန်၍ဆက်လိုက်ချိန်တွင် အစ်ကိုကြီး၏ မကျေနပ်သံဖြင့် အမေးက ပေါ်ထွက်လာခြင်းဖြစ်သည်။

"အစ်ကိုကြီးပြောရင်လည်း ခံရမှာဘဲ အစ်ကိုကြီး။ ဒီနေ့ကျွန်တော်တို့ဝန်ကြီးဌာနက ၂၀၂၄ ခုနှစ်၊ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းကို ထူးချွန်စွာအောင်မြင်ခဲ့တဲ့ ဝန်ထမ်းတွေရဲ့ သားသမီးတွေ ပညာရည်ချွန်ဆုပေးပွဲနှင့် ထူးချွန်ဝန်ထမ်းတွေ ဆုပေးပွဲအခမ်းအနားကျင်းပနေလို့ပါ။"

"ဒါများကွာ စာမေးပွဲအောင်စာရင်း ထွက်တာ ကြာ ကြာလှပြီ။ ဒီပြင်ဝန်ကြီးဌာနတွေ လုပ်ပြီးတာ မေ့တောင်နေလောက်ပြီ။သူများဝန်ကြီးဌာနတွေထက် မင်းတို့ဝန်ကြီးဌာနက ဆုပေးပွဲလုပ်တာ နောက်လည်းကျသေးတယ်။ ပြီးတော့ ရုံးဖွင့်ရက်မလုပ်ဘဲ ရုံးပိတ်ရက်လုပ်တော့ တို့ဝန်ထမ်းတွေ တစ်ပတ်မှနှစ်ရက်လောက် နားရတာ မနားရတော့ဘူးပေါ့။"

အစ်ကိုကြီးက သူဖုန်းဆက်မရ၍ သက်သက်ပြောလိုက်ခြင်းဖြစ်သည်။ သူဝန်ထမ်းဘဝတုန်းကလည်း ရုံးပိတ်ရက်အမြဲတမ်းအချိန်ပိုဆင်းသူဖြစ်သည်။

"ဒါနဲ့ နေပါအုံး။ မင်းတို့ဝန်ကြီးဌာနက ကလေးတွေ အောင်ချက်ရောဘယ်လိုရှိသလဲ။ ဂုဏ်ထူးတွေရောပါရဲ့လား။"

"ပါတာပေါ့ အစ်ကိုကြီးရ။ ပြီးခဲ့တဲ့ ၂၀၂၃-၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဝန်ထမ်းသားသမီး ၈၀၁ ယောက် စာမေးပွဲဝင်ရောက်ဖြေဆိုပြီး၊ အောင်မြင်သူ ၅၇၄ ဦးရှိတာကြောင့် ရာခိုင်နှုန်းနဲ့တွက်ရင် ၇၂ ရာခိုင်နှုန်း အောင်မြင်တာတွေ့ရတယ်။ စာမေးပွဲအောင်တဲ့သူတွေအထဲမှာ ဂုဏ်ထူးနဲ့အောင်မြင်သူ ၁၈၅ ဦးရှိပြီး ရိုးရိုးအောင်မြင်သူ ၃၈၉ ဦးရှိပါတယ်။"

"အေး မင်းတို့ဝန်ကြီးဌာနက ကလေးတွေအောင်ချက်ကတော့ မဆိုးပါဘူး။ အဲဒါပေမယ့် တစ်ဘာသာလောက်ဘဲ ဂုဏ်ထူးပါတာနေမှာပေါ့ကွာ။ ၄-၅ ဘာသာဂုဏ်ထူးပါတာရောရှိရဲ့လား။"

အစ်ကိုကြီး၏အသံက ကျွန်တော်တို့ဝန်ကြီးဌာနက ကလေးများကို အထင်ကြီးပုံမရ။ သည်တော့လည်း အဖြစ်မှန်ကို ကျွန်တော်ပြောရမည်။ ကျွန်တော်တို့ဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီးများ၏ ကြိုးစားအားထုတ်မှုကို ပြောပြရပေမည်။

"ပါတာပေါ့ အစ်ကိုကြီးရ ဒီစာမေးပွဲမှာ ၃ ဘာသာဂုဏ်ထူးရတာ ၁၁ ယောက်၊ ၄ ဘာသာဂုဏ်ထူးရတာ ၁၅ ယောက်၊ ၅ ဘာသာဂုဏ်ထူးရတာ ၁၅ ယောက်နှင့် ၆ ဘာသာ ဂုဏ်ထူးရတာ ၂၃ ယောက်ရှိတဲ့အနက် ဆုပေးပွဲအခမ်းအနားကို ၂၁ ယောက်တက်ပြီးဆုယူကြတယ်။ သွားရေးလာရေးခက်မှာရယ်၊ အခမ်းအနားမှာလူများလွန်းမှာရယ်ကြောင့် ဂုဏ်ထူး တစ်ဘာသာနှင့် နှစ်ဘာသာရတဲ့ ကျောင်းသား၊ ကျောင်းသူနှင့် မိဘတွေကို ဒီအခမ်းအနားကို မတက်ခိုင်းဘဲ၊ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်၊ ကိုယ့်ဌာနနှင့်ကိုယ် ဆုချီးမြှင့်ပေးဖို့ စီစဉ်ထားတယ်။ ဒီအခမ်းအနားမှာတော့ သုံးဘာသာနှင့်အထက် ဂုဏ်ထူးရကျောင်းသူ ကျောင်းသားနှင့် မိဘတွေဘဲတက်ခိုင်းတာ။"

"မင်းတို့ဝန်ကြီးဌာနကလည်း တစ်မျိုးပါလား၊ ပညာရည်ချွန်ဆုပေးပွဲကို ထူးချွန်ကျောင်းသားကျောင်းသူတွေသာမက၊ မိဘတွေကိုပါ အခမ်းအနားဖိတ်ရတယ်လို့။ မိဘတွေဖိတ်တာက ဘာရည်ရွယ်ချက်နှင့်လဲ။ နောက်ပြီးလာတက်တာတော့ ဟုတ်ပါပြီ။ မိဘတွေက သားသမီး ပညာရည်ချွန်ဆုယူတာကို လက်ခုပ်တီးဖို့ သက်သက်လား ဘာအတွက်လဲ။"

အစ်ကိုကြီးက ကျွန်တော့်ကို သက်သက်စကားကပ်၍ မေးလိုက်ခြင်းဖြစ်သည်။ သားသမီးများ၏ ပညာရည်ချွန်ဆုပေးပွဲကို မိဘများဖိတ်ကြားရခြင်း ဘာ့ကြောင့်ဖြစ်သည်ကို အစ်ကိုကြီး သိပြီးဖြစ်ပါသည်။

"အစ်ကိုကြီးကလည်း အစ်ကိုကြီးဘဲ ပြောပြောနေတာလေ။ " **မိဘ၊ ဆရာ၊ကျောင်းသားပူးပေါင်း ကလေးပညာကောင်း"** ဆိုတာလေ။ အဲဒါကြောင့် မိဘတွေကို ဆုပေးပွဲဂုဏ်ပြုပွဲကို ဖိတ်တာပါ။ အဲနောက်ပြီး ကျွန်တော်တို့ဝန်ကြီးရဲ့ဂုဏ်ပြုအဖွင့်မိန့်ခွန်းထဲမှာ ဝန်ထမ်းတွေထဲက ထူးချွန်ထက်မြက်တဲ့နိုင်ငံ့သားကောင်းရတနာတွေကို မွေးထုတ်ပေးတဲ့မိဘများဖြစ်တဲ့ ကိုယ့်ဝန်ကြီးဌာနက ဝန်ထမ်းတွေကို ဂုဏ်ပြုတာပါတဲ့။ ပြီးတော့ အစ်ကိုကြီးပြောသလို ထူးချွန်ဆုရ သားသမီးတွေရဲ့ မိဘဝန်ထမ်းတွေကိုလည်း လက်ခုပ်တီးဖို့သက်သက် ဖိတ်တာမဟုတ်ဘူး ထောက်ပံ့ငွေပေးအပ် ချီးမြှင့်ပါသေးတယ်။"

အစ်ကိုကြီးက ကျွန်တော်ရှင်းပြမှုကြောင့် ကျေနပ်သွားပုံရသော်လည်း ထပ်ဆင့်မေးခွန်းတက်လာပြန်သည်။

"အေးပေါ့ကွာ၊ မင်းတို့ဝန်ကြီးဌာနက ဝန်ထမ်းတွေက ပညာရှင်တွေဖြစ်တော့ ချမ်းသာမှာပေါ့ကွာ။ ဆည်မြောင်းတို့၊ စက်မှုလယ်ယာတို့ဆိုအင်ဂျင်နီယာဝန်ထမ်းတွေ၊ စိုက်ပျိုးရေးဦးစီးဌာနတို့ စိုက်တက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနတို့ဆိုလည်း စိုက်ပျိုးရေးပညာရှင်တွေ၊ မွေးမြူရေး နှင့် ကုသရေး ဦးစီး ဌာန တို့၊ မွေးမြူရေးသုတေသနဦးစီးဌာနတို့၊ မွေးမြူရေးဆိုင်ရာဆေး တက္ကသိုလ်တို့ဆိုလည်း မွေးမြူရေးနှင့်ဆေးကုသရေးပညာရှင်တွေ၊ ကြေးတိုင်နှင့်မြေစာရင်းတို့၊ ငါး ဦးစီး တို့ ဆိုရင်လည်း သူ့ဟာနဲ့သူ အဆင်ပြေတဲ့ ဌာနတွေဆိုတော့ ကလေးတွေကို ကျောင်းကောင်းကောင်းထား၊ ကျူရှင်ကောင်းကောင်းထားနိုင်လို့ အောင်ချက်ဒီလောက် ကောင်းပြီး၊ ဂုဏ်ထူးတွေ အများကြီးရတာ နေမှာပေါ့။ ငါသတိထားမိသလောက် ကျန်တဲ့ဝန်ကြီး ဌာနတွေ၊ မင်းတို့ဝန်ကြီး ဌာနလောက် အောင်ချက်ကောင်းတာ ဂုဏ်ထူးရတာ မတွေ့သလိုဘဲ။"

"အေးဒါနဲ့ သူတို့ကျူရှင်တွေ၊ ကိုယ်ပိုင်အထက်တန်းကျောင်းတွေ တက်လို့၊ ဒီလောက်ဂုဏ်ထူးတွေရတာ မဟုတ်လား။ အစိုးရအခြေခံပညာအထက်တန်းကျောင်းရော တက်ကြသေးလား။ အဲဒါကိုရော မင်းတို့ဆန်းစစ်ကြည့်သေးလား။"

အစ်ကိုကြီးက စေ့စပ်သည်။ သေချာသည်။ သူမေးသည့်မေးခွန်းများက တော်ရုံလူဆို ဖြေရန်မလွယ်။ ကျွန်တော်က ဒါမျိုးဆို စပ်စုတတ်။ ကျွန်တော်တို့ဝန်ကြီးကလည်း စေ့စပ်သည်။ သေချာသည်။ သည်တော့လည်း အစ်ကိုကြီးမေးခွန်းက ကျွန်တော့်အတွက် ဖြေရန်မခက်ခဲလှပါ။

"ဆန်းစစ်ကြည့်ပါတယ် အစ်ကိုကြီးရယ်။ အစ်ကိုကြီးညီအကြောင်းလည်း အစ်ကိုကြီး အသိပါ။ ဒီနှစ်တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ၅၇၄ ဦးထဲမှာ နှစ်ချင်းပေါက်အောင်မြင်သူ ၅၆၉ ဦးနှင့် တစ်နှစ်ကျရှုံးပြီး

စာ-၇ သို့